ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ စနေနေ့၊ (27-12-2014) (၈၀၆၇)

### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# လူငယ်များ၏ အနာဂတ်ကိုဖန်တီးပေးရာတွင် ယုံကြည်စိတ်ချရသည့်အနာဂတ်ဖြစ်ရေးသည် အရေးကြီး

# သဘာဝသယံဇာတများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အသုံးချ၍ ကြိုးပမ်းကြရမည်

**စစ်တွေ ဒီဇင်ဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့မှ အထူးလေယာဉ်ဖြင့် ယနေ့ နံနက်ပိုင်းတွင် ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကျောက်တော်မြို့သို့ ရောက်ရှိသည်။


ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၏ အရှေ့ဘက်အာရုံခံ တန်ဆောင်းအတွင်း၌ ကျောက်တော်မြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တစ်မြို့နယ်ချင်းဖွံ့ဖြိုးတိုးတက်မှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ သဘာဝအခြေခံ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



## ၂၀၁၃ ခုနှစ်အတွက် အကယ်ဒမီဆုပေးပွဲ ရင်ခုန်စွာစောင့်ကြည့်


သတင်း-ခင်ဇာလီ၊ သန့်ဇင်ဝင်း
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**အကယ်ဒမီဆုပေးပွဲကြီးစတင်ပြီ. . .**

၁၉၅၂ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သည့် အကယ်ဒမီဆုပေးပွဲကြီးသည် (၆၁)နှစ်အတွင်းတွင် ယခုနှစ်ဆိုရင် (၅၈)ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်သည် ယခင်နှစ်များနှင့်မတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ပထမဆုံးအကြိမ် တာဝန်ယူပေးအပ်မည့် အကယ်ဒမီဆုပေးပွဲအခမ်းအနားတစ်ရပ်ပင်ဖြစ်ပေသည်။

ရုပ်ရှင်ချစ်သူများနှင့် အနုပညာရှင်များ၏ အကယ်ဒမီအကြိုရင်ခုန်သံတချို့ကို ဖော်ပြလိုက်ရပါသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**





ေ ကြ း မုံ စ ာ တ ည် း ရှ ေ ထ ာ င့် ၂၇-၁၂-၂၀၁၄၊ စနေနေ့

# ပူဇာ စ ပူဇနေယျာနံ

"ပူဇာ စ ပူဇနေယျာနံ" ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ ပူဇော်ထိုက်သူဟု ဆိုရာ၌ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့သာမက မိမိတို့ထက် အသက်ရွယ်ကြီးသူ၊ ဂုဏ်သိက္ခာ ကြီးမြင့်သောသူတို့လည်း 'ပူဇာ စ ပူဇနေယျာနံ' ပူဇော်ထိုက်သူများ မည်ပါသည်။

ထိုပူဇော်ထိုက်သော ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ အသက်၊ ဂုဏ်သိက္ခာကြီးသောသူများတွင် မိမိတို့နှင့် မနီးစပ်သည့် အသက်အရွယ်ကြီးရင့်သောသူများအား ပူဇော်ဖို့ရန်အလို့ငှာ လွန်စွာကြုံကြိုက်ခဲသည်ဟု ဆိုရမည်ဖြစ်သည်။ ကြုံကြိုက်ခဲသော သက်ကြီးရွယ်အိုတို့အား ပူဇော်ခွင့်ရခြင်းသည် ရခဲ၊ ကြုံခဲသော မွန်မြတ်သည့် ဒုလ္လဘတရားကို ရရှိခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ပူဇော်လေ့ရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာရှိပြီးဖြစ်သည်။ အသက်(၇၅)နှစ်နှင့်အထက် အရွယ်များအား သက်ကြီးရွယ်အိုများဟု သတ်မှတ်ကာ ပူဇော်လေ့ရှိသည်။ နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့တွင်လည်းကောင်း၊ သီတင်းကျွတ်လတွင်လည်းကောင်း၊ အထိမ်းအမှတ်အခမ်းအနားများတွင်လည်းကောင်း အသွင်အမျိုးမျိုးဖြင့် ပူဇော်ကန်တော့လေ့ရှိသည်။

သက်ကြီးရွယ်အိုဟူသည်မှာ တစ်ချိန်သော ငယ်ရွယ်စဉ်ကာလက မိမိတို့မိသားစု၊ မိမိတို့အသိုင်းအဝိုင်း၊ မိမိတို့လုပ်ငန်း၊ မိမိတို့ရပ်ရွာ၊ မိမိတို့နိုင်ငံအတွက် တစ်နည်းမဟုတ် တစ်နည်း အလုပ်အကျွေးပြုခဲ့ကြသူများ၊ ကျေးဇူးရှိခဲ့ကြသူများ ဖြစ်ပေလိမ့်မည်။ အိုမင်းမစွမ်း မလုပ်နိုင်မကိုင်နိုင်၊ အရာမဝင်သော အချိန်ရောက်မှ ထိုသက်ကြီးရွယ်အိုများအား ပစ်ပယ်ထားရန်မှာ မသင့်လျော်လှချေ။

လက်ရှိတွင် မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အို ငါးသန်းခွဲကျော်ရှိသည်ဟုသိရပြီး နှစ်စဉ်သက်ကြီးရွယ်အို ဦးရေတိုးပွားနေသည်။ ထိုသက်ကြီးရွယ်အိုများ၏ ၁၀ ရာခိုင်နှုန်းခန့်မှာလည်း လူမှုဘဝကာကွယ်စောင့်ရှောက်မှုများ လိုအပ်နေသည်။ ထို့ကြောင့် လူမှုရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများက နယ်မြေဒေသအလိုက် အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါသက်ကြီးရွယ်အိုများအနက် အသက် (၁၀၀)နှင့်အထက် သက်ကြီးရွယ်အိုများကို ပိုမိုဂရုစိုက် အလေးထားစောင့်ရှောက်သင့်သည်။ ထိုအရွယ်များမှာ မည်သို့မျှစွမ်းဆောင်နိုင်ခြင်းမရှိတော့ချေ။ လူမှုဝန်ထမ်းဌာနကလည်း အသက် (၁၀၀)နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုထောက်ပံ့ပေးလျက်ရှိသည်။ သို့သော် ထူးထူးခြားခြား အထူးပြုဆောင်ရွက်ပေးခြင်းမျိုးကိုမူ တွေ့ရခဲသည်။ အမှန်တွင် အသက် (၁၀၀)နှင့် အထက်ဆိုသည်မှာ ဂုဏ်ပြုခံထိုက်သော နိုင်ငံသား ဖြစ်သင့်သည်။

မြန်မာနိုင်ငံတွင် အမရပူရမြို့နယ်၌ အသက် (၁၂၀) ကျော်သော အဘွားတစ်ဦးရှိပြီး ထိုကဲ့သို့သော အဘိုး၊ အဘွားများရှိကောင်းရှိနိုင်သော်လည်း အထောက်အထားမပြနိုင်၍ ခိုင်ခိုင်မာမာ မှတ်တမ်းမတင်နိုင်သေးချေ။ မည်သို့ပင်ဖြစ်စေ အသက် (၁၀၀)ကျော်လျှင် ထူးထူးခြားခြား အလေးထားဆောင်ရွက်ပေးခြင်းဖြင့် မင်္ဂလာတရားနှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်ပေသည်။

ယခုအခါ နိုင်ငံတော်သမ္မတက ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ အထောက်အပံ့များ ပေးအပ်သွားမည်ဟု ကြားသိရသဖြင့် များစွာဝမ်းမြောက်ပီတိဖြစ်ရပါသည်။ ထို့အပြင် အသက် (၁၀၀)ပြည့်ပြီးသူတိုင်း အထောက်အထားနှင့် အကြောင်းကြားနိုင်ပါက ထိုနည်းအတိုင်းဆောင်ရွက်ပေးသွားမည်ဟုသိရပေရာ ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် ကုသိုလ်ယူသင့်ပါသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် အသက် (၁၀၀)နှင့်အထက် သက်ကြီးဝါကြီး အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့အား အသိအမှတ်ပြု ဂုဏ်ပြုထောက်ပံ့ပေးတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုခြင်းနှင့်အတူ အသက် (၁၀၀)နှင့်အထက် အဘိုး၊ အဘွားများအားလုံး ပါဝင်ဂုဏ်ပြုခံနိုင်ရန်အတွက် သက်ရှည်ကျန်းမာချမ်းသာကြပါစေကြောင်း ကြေးမုံက ဆုမွန်ကောင်းတောင်းပါသည်။ ။

# (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စပွန်ဆာနှင့် အလှူရှင်များဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအားကစားပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ အားကစားအဖွဲ့များက အားကစားနည်း ၃၁ မျိုး ပါဝင်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့နှင့် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တို့တွင် လက်ရွေးစင်ကစားသမားများစုစည်း၍ စခန်းသွင်းလေ့ကျင့်နေပြီဖြစ်သည်။

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင်ကစားသမားများ အောင်မြင်မှုရရှိရေးအတွက် အားကစားဝတ်စုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ အစားအသောက်များ၊ ဆေးဝါးပစ္စည်းများနှင့် အခြားလိုအပ်သော ကူညီပံ့ပိုးမှုများ ပါဝင်လှူဒါန်းပံ့ပိုးလိုသော စေတနာရှင် စပွန်ဆာများနှင့် အလှူရှင်များအနေဖြင့် ဆက်သွယ်ပံ့ပိုးလှူဒါန်းနိုင်ကြောင်း၊ ဖိတ်ခေါ်ထားပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၃၇ နှင့် ဒေါ်ယဉ်ယဉ်နိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၉-၅၁၉၁၇၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



**မလှိုင်-မိတ္ထီလာသွားယာဉ်လိုင်းများမှာ ယာဉ်စည်းကမ်း လိုက်နာမှုမရှိဘဲ ခရီးသည်များကိုယာဉ်၏ ခေါင်မိုးပေါ်တင်ဆောင်မောင်းနှင်ခြင်းကြောင့် ခရီးသွားပြည်သူများ အန္တရာယ်ရှိနိုင်သည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

**ကျော်ကျော်(မလှိုင်)**

# မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်

**မုဒုံ ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ထုံမံကျေးရွာ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်လွင်၊ မြို့နယ်မွေး/ကု ဦးစီးမှူး ဒေါက်တာအေးချမ်းတို့သည် ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ စီမံကိန်းဆောင်ရွက်နေမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးရှိကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

| | | |
|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၀၅၀၀ - ၆၆၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၀၅၀၀ - ၆၆၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၂၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၆၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၄. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၆. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၀၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၄. ၀၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၃၅၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၃. ၉၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၆၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

Royal Material Co.,Ltd.
နိုင်ငံတကာအရည်အသွေးမီနံရံနှင့် မျက်နှာကျက်အလှဆင် UPVC Space Wall




အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုဂါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01 215 080, 01 508 132, 09 731 260 52, 09 5102423




(၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ပါဝင်သရုပ်ပြချီတက်အလေးပြုကြမည့် စစ်ကြောင်းများ ဝတ်စုံပြည့်အကြိုလေ့ကျင့်မှုများပြုလုပ်ကြစဉ်။ (သတင်းစဉ်)



☆ (၆၇)နှစ်မြောက်မှ

ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင်ရာကိုယ်စားပြုစစ်ကြောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုစစ်ကြောင်းများ၊ မြန်မာနိုင်ငံကင်းထောက်တပ်ဖွဲ့ဝင်စစ်ကြောင်း၊ တပ်မတော်သံချပ်ကာ၊ အမြောက်နှင့်ယန္တရားစစ်ကြောင်းများက စစ်ကြောင်းများအလိုက် ဝတ်စုံပြည့်ချီတက်အလေးပြုလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ထိုသို့မြေပြင်တွင် စစ်ကြောင်းများက ချီတက်အလေးပြုရန် လေ့ကျင့်မှုများဆောင်ရွက်နေသကဲ့သို့ ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် နေရာ၏ကောင်းကင်ယံတွင်လည်း တပ်မတော်ရဟတ်ယာဉ်များနှင့် တိုက်လေယာဉ်များက ပါဝင်လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

**(သတင်းစဉ်)**

## အများပြည်သူသို့ အသိပေးပန်ကြား

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့တွင်းတူးစင် (Platform)တွင် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများကို ၃၀-၁၂-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ Gas Total Shut Down ဆောင်ရွက်စဉ်အချိန်အတွင်း တစ်နိုင်ငံလုံး၌ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုမှာ တစ်နိုင်ငံလုံးတွင် (၃၃၁) MW ခန့်လျော့နည်းသွားမည်ဖြစ်ပါသည်။ လျော့နည်းသွားမည့် လျှပ်စစ်ဓာတ်အားအတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ကူပံ့ဖြည့်တင်းသွားမည်ဖြစ်သော်လည်း ရန်ကုန်ဧရိယာသို့ပို့လွှတ်သည့် ဓာတ်အားလိုင်းများသည် ဝန်အားနိုင်နင်းမှု မရှိပါသဖြင့် စက်မှုဇုန်များကို ဝန်အားလျှော့ချသွားမည်ဖြစ်ပါသည်။ ဝန်အားအများဆုံးအသုံးပြုချိန်များတွင် လိုအပ်ပါက ဓာတ်အားခွဲရုံကြီးများမှ အချိန်ပိုင်းအလိုက် အလှည့်ကျဝန်အားလျှော့ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် ကမ်းလွန်သဘာဝဓာတ်ငွေ့တွင်းတူးစင်များ၌ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ခရီးအကွာအဝေးလှမ်းသော ရေအားလျှပ်စစ်ဓာတ်အားပေးရေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ပိုမိုရယူရမည်ဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗို့အားကျဆင်းမှုများ ဖြစ်ပေါ်ခြင်း၊ ဓာတ်အားခေတ္တပြတ်တောက်ခြင်းတို့အား သည်းခံပေးကြပါရန် ပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

❍ ကျောဖုံးမှ

ဂျပန်နှင့် တောင်ကိုရီးယား ကွင်းလယ်ကစားသမားများကို စမ်းသပ်လျက်ရှိသည်။ ပြည်တွင်းကစားသမားခေါ်ယူမှုအဖြစ် ရတနာပုံအသင်းမှ ရန်အောင်ဝင်းနှင့် မနောမြေအသင်းမှ ဇန်ဘိုထွန်းတို့ကို ခေါ်ယူထားသည်။

အမာခံကစားသမားကောင်းများပိုင်ဆိုင်ထားခြင်း၊ ကစားသမားသစ်များ အင်အားဖြည့်တင်းထားခြင်းကြောင့် ကမ္ဘောဇအသင်းမှာ ရာသီသစ်တွင်လည်း ချန်ပီယံဆု ရေပန်းစားနေသည့် အသင်းများထဲတွင် ပါဝင်နေမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## မြစ်မ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှု

**ညောင်တုန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သပြုရေလယ်ကျွန်းကျေးရွာအုပ်စု ရွှေဒဂ်ါးကျွန်းကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၅ ရက် နံနက်က အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝ၇၆)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများအား ဒီဇင်ဘာ ၁၉ ရက်က လှိုင်းဘွဲ့မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့်အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစောဘကြည်တို့က ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်း ပြည့်မီရေးနှင့်သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

အဆိုပါလမ်းအား အောက်တိုဘာ ၁၉ ရက်တွင် စတင်ဆောင်ရွက်ပြီး ဒီဇင်ဘာအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါလမ်းပြီးစီးပါက လမ်းဘေးဝဲ/ယာနှင့်ပတ်ဝန်းကျင်ရွာများဖြစ်သော ကမ်းနီကျေးရွာ၊ ဝါခုတ္တောကျေးရွာ၊ သာယာကုန်းကျေးရွာ၊ တကူဆိပ်ကျေးရွာများရှိ ဒေသခံပြည်သူများ ယခင်ကထက် သွားလာရလွယ်ကူချောမွေ့ပြီး ဒေသထွက်ကုန်စီးဆင်းမှုများ လွယ်ကူချောမွေ့မည်ဖြစ်သည်။ **(ကျေးလက်ဦးစီး)**

## မှူးဇော်၏ "ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း၊ ဘာလဲ၊ ဘယ်လဲ"




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ် တက်လာသည့်သက်တမ်းမှာ ယခုဆိုလျှင် လေးနှစ်နီးပါး ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။ နိုင်ငံတကာမှ မျှော်လင့်မထားသော ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာခဲ့ပြီး မြန်မာ့နွေဦးဟူ၍ပင် တင်စားခေါ်တွင်ရသည် အထိ အောင်မြင်ခဲ့ပေသည်။ လက်ရှိကာလတွင် လူဖြင့်အုပ်ချုပ်သော စနစ်မှသည် မူဖြင့်အုပ်ချုပ်သော စနစ်၊ ထိုမှတစ်ဆင့် အင်စတီကျူးရှင်းများဖြင့် ထိန်းကျောင်းသောစနစ်သို့ ဦးတည်နေပြီဟုဆိုက မှားမည်မထင်ပေ။

အစိုးရအုပ်ချုပ်ရေးယန္တရားသည် ၁၉၄၇ ခုနှစ်မှ ပြန်လည်ရေတွက်ကြည့်လျှင် နှစ်ပေါင်း ၆၀ ကျော် ဗဟိုဦးစီးအုပ်ချုပ်မှုပုံသဏ္ဌာန်ဖြင့် အသားကျလာခဲ့ခြင်းဖြစ်ရာ လွတ်လပ်ပွင့်လင်းပြီး တာဝန်သိ၊ တာဝန်ခံသော အုပ်ချုပ်ရေး ယန္တရားအဖြစ် အသွင်ကူးပြောင်းရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများများစွာရှိခဲ့သည်။ အမိန့်အာဏာများကို လုပ်ထုံးလုပ်နည်းများအဖြစ် နှစ်ပေါင်းများစွာ ပြောင်းလဲကျင့်သုံးခဲ့သော အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲရာတွင် အစိုးရဖွဲ့စည်းတည်ဆောက်မှု structure ဆိုင်ရာ စိန်ခေါ်မှုများ၊ အစုအဖွဲ့ Organization ဆိုင်ရာ စိန်ခေါ်မှုများ၊ စိတ်ဓာတ်နှင့်ခံယူချက် Mindsetဆိုင်ရာ စိန်ခေါ်မှုများ အများအပြား ကြုံတွေ့ခဲ့ရသည်ကို ပြုပြင်ပြောင်းလဲမှု လှိုင်းအဆင့်ဆင့်ကိုကြည့်၍ တွေ့ရှိနိုင်ပေသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး လေးရပ်နှင့်လှိုင်းသုံးလှိုင်းအကြောင်းတို့ကို ဤစာအုပ်တွင် ခွဲခြမ်းစိတ်ဖြာရေးသားဖော်ပြထားခြင်းဖြစ်သည်။ အများစုစိတ်ဝင်စားလျက်ရှိသော တတိယလှိုင်းပြုပြင်ပြောင်းလဲရေးဟူသည်မှာ အဘယ်နည်းဆိုသည်ကိုလည်း ရှင်းလင်းထားသည်။ ရွက်စိမ်းစာပေမှ ထုတ်ဝေပြီး စာအုပ်တန်ဖိုးမှာ ကျပ်နှစ်ထောင်ဖြစ်ကြောင်း၊ အမြို့မြို့အနယ်နယ်တွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

## လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(ကြေးမုံ)**



# အိုင်အက်စ်ကို ချေမှုန်းရန် အီရတ်နှင့်တူရကီတို့ သဘောတူ

**အန်ကာရာ ဒီဇင်ဘာ ၂၆**

အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် ကြီးစိုးနေသော အစ္စလာမ္မစ်စစ်သွေးကြွများအား ပူးပေါင်းတိုက်ခိုက်ရေး ဆင်နွှဲရန် အီရတ်နှင့်တူရကီနိုင်ငံတို့က ယမန်နေ့တွင် ကတိပြုခဲ့ကြောင်းသိရသည်။

'အိုင်အက်စ်စစ်သွေးကြွတွေက အီရတ်နှင့်တူရကီနိုင်ငံတွေကိုသာမက ဒေသတွင်းတစ်ခုလုံးရဲ့ လုံခြုံရေးကို ခြိမ်းခြောက် နေကြတယ်'ဟု အီရတ်ဝန်ကြီးချုပ် ဟာဒါ အယ်အဘာဒီက တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂယ်နှင့်အတူ အန်ကာရာမြို့တွင် တွေ့ဆုံပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံအနေဖြင့် ၎င်း၏ပိုင်နက်နယ်မြေများကို ဖြတ်ကျော်ပြီး ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်လာသော အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းခြင်း မရှိသဖြင့် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

'ရှိသမျှပိုင်ဆိုင်တဲ့ လက်နက်တွေကိုသုံးပြီး ဒေသတွင်းနိုင်ငံတွေရဲ့ အကူအညီနဲ့ အိုင်အက်စ်တွေကို အမြစ်ဖြုတ်နိုင်ပါတယ်'ဟု အီရတ်ဝန်ကြီးချုပ် ဟာဒါအယ်အဘာဒီက ပြောကြားခဲ့သည်။ အဘာဒီက ပူးပေါင်းထောက်လှမ်းရေး၊ တိုက်ခိုက်ရေးပူးပေါင်းလေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်ရေးများတွင် တူရကီ၏ပူးပေါင်းပါဝင်မှုကို မျှော်လင့်ကြောင်း ဆက်လက်ပြောသည်။

'ဘဂ္ဂဒက်ကို ဘယ်လိုအကူအညီပဲဖြစ်ဖြစ်ပေးဖို့ အဆင်သင့်ပါပဲ'ဟု တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နိုဝင်ဘာလအတွင်း အီရတ်ဝန်ကြီးချုပ်နှင့် တူရကီဝန်ကြီးချုပ်တို့၏ နှစ်နိုင်ငံအပြန်အလှန် လည်ပတ်မှုကြောင့် မကြာသေးမီနှစ်များအတွင်းက တင်းမာနေသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ကောင်းမွန်လာစေခဲ့သည်။

**အေအက်ဖ်ပီ။**

## မြောက်ကိုရီးယား နျူလက်နက်အစီအစဉ်များကို သုံးပွင့်ဆိုင်ထောက်လှမ်းမည်

**ဆိုးလ် ဒီဇင်ဘာ ၂၆**

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က မြောက်ကိုရီးယား၏ နျူကလီးယား ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်ပြီး သုံးပွင့်ဆိုင်ပူးပေါင်းထောက်လှမ်းရေး အစီအမံတစ်ရပ်ကို ယနေ့ သဘောတူညီခဲ့ကြောင်း အေအက်ဖ်ပီတွင် ဖော်ပြထားသည်။

ပစိဖိတ်ဒေသဝန်းကျင် လုံခြုံရေးကိုခြိမ်းခြောက်နေသော မြောက်ကိုရီးယား နျူကလီးယားဒုံးကျည် အစီအစဉ်များ တိုးမြှင့်လုပ်ဆောင်နေသောကြောင့် အဆိုပါသုံးပွင့်ဆိုင်သဘောတူညီချက်ကို ဒီဇင်ဘာ ၂၉ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်သည်။

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် သဘောတူညီချက်ဆိုင်ရာ ထောက်လှမ်းရေး သတင်းအချက်အလက်များကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုက်ရိုက်ပေးပို့မည်မဟုတ်ဘဲ အမေရိကန်နိုင်ငံမှတစ်ဆင့် ပေးပို့မည်ဖြစ်ကြောင်းသိရသည်။ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဆိုနီရုပ်ရှင်လုပ်ငန်း၏ 'သည်အင်တာဗျူး' ရုပ်ရှင်ဇာတ်ကား ထုတ်လွှင့်ပြသမှုတို့နှင့် စပ်လျဉ်းပြီး ကုလသမဂ္ဂ၏ ဖြေရှင်းချက်အပေါ် ကျေနပ်မှုမရှိသဖြင့် နျူလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများကို ခြိမ်းခြောက်မှုများ ပြုလုပ်နေသည်။

'သုံးပွင့်ဆိုင်ထောက်လှမ်းရေးဆိုင်ရာ သဘောတူညီချက်ဟာ မြောက်ကိုရီးယားရဲ့ ခြိမ်းခြောက်မှုတွေကို ဟန့်တားရာမှာ အသုံးဝင်နိုင်ပါတယ်' ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားသည်။

ဂျပန်နိုင်ငံနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်မှုအပေါ် တောင်ကိုရီးယားနိုင်ငံပြည်သူများ၏ ခံယူချက်သဘောထားများကို ငဲ့ကွက်သည့်အတွက် သုံးပွင့်ဆိုင်ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှု ကြီးထွားလာခြင်းကို ကာကွယ်ရန် ၎င်း၏မဟာမိတ်နိုင်ငံများနှင့် ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ။**

## မလေးရှားတွင် ရေကြီးမှုကြောင့် ဝန်ကြီးချုပ်၏ ခရီးစဉ်လျှော့ချ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆**

မလေးရှားနိုင်ငံတွင် ရေကြီးလျက်ရှိသဖြင့် အမေရိကန်ပြည်ထောင်စုသို့အပန်းဖြေခရီးရောက်ရှိနေသော ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ၎င်း၏ ခရီးစဉ်ကို လျှော့ချလိုက်ကြောင်း ယနေ့ ပြောကြားသည်။

ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေလွှမ်းမှုဖြစ်ပြီး လူငါးဦးသေဆုံး၍ ၁၀၀၀၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရသည်။

အစဉ်အလာမရှိ မုတ်သုံမိုးပြင်းထန်စွာရွာသဖြင့် ရေလွှမ်းမိုးခြင်းခံရသည့် ပြည်နယ်ငါးခုမှ မြို့များနှင့် ကျေးရွာများမှ ပြည်သူများကို အာဏာပိုင်များက ရွှေ့ပြောင်းပေးခဲ့ရသည်။

လူဦးရေ ၁၅၀၀၀ ကျော်သည် စာသင်ကျောင်းများ၊ ခန်းမများနှင့် အခြားကယ်ဆယ်ရေးဌာနများတွင် ခိုလှုံနေကြရသည်ဟု ရေဘေးအန္တရာယ် စောင့်ကြည့်လေ့လာရေးဌာနများက ပြောကြားသည်။

နိုင်ငံအတွင်း ရေလွှမ်းနေစဉ် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီ၌ အပန်းဖြေနေသဖြင့် သမ္မတနာဂျစ်မှာဝေဖန်ခြင်းခံရသည်။ ဟာဝိုင်ယီ၌ အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ဂေါက်သီးကစားလျက်ရှိသည်ဟု ဆိုသည်။ ၎င်း၏ ဖေ့စ်ဘွတ်တွင် လူအများက မလေးရှားသို့ ပြန်ရန် တိုက်တွန်းသည့် စာများရေးသားကြသည်။

နာဂျစ်က ကြေညာချက်ထုတ်ပြန်ရာတွင် စနေနေ့တွင် ပြန်မည်ဖြစ်ကြောင်း၊ ရေလွှမ်းမိုးခြင်းခံရသည့် ကီလန်တန်ပြည်နယ်သို့ တိုက်ရိုက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အပန်းဖြေနေစဉ် သဘာဝဘေးအန္တရာယ်နှင့် ကယ်ဆယ်ရေးတာဝန်ရှိသူများကို မပြတ်ဆက်သွယ်လျက်ရှိကြောင်း ပြောကြားသည်။

နှစ် ၃၀ အတွင်း အဆိုးရွားဆုံး ရေလွှမ်းမှုဖြစ်ကြောင်း၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များနှင့် ကားများကို အဆင်သင့်ထားရှိရန် အမိန့်ပေးထားကြောင်း မလေးရှား အစိုးရအဖွဲ့က ပြောသည်။

သေဆုံးသူ ငါးဦးတွင် လမ်းလျှောက်တတ်ခါစအရွယ်ကလေးတစ်ဦးပါဝင်သည်။ ကယ်ဆယ်ရေးစခန်းသို့သွားရန် ရေစီးကြောင်းကို ဖြတ်လျှောက်နေသော မိခင်ဖြစ်သူ၏ လက်အတွင်းမှ ရေထဲကျကာ မျောပါသွားခြင်းဖြစ်သည်ဟု ဆိုသည်။

**အေပီ။**

## အိန္ဒိယသမုဒ္ဒရာ ဆူနာမီဘေး ရေလှိုင်းရိုက်ခတ်မှု ၁၀နှစ်ပြည့်ဆုတောင်းပွဲ အခမ်းအနားများ ကျင်းပ

**ဘန်ဒါအာချေး ဒီဇင်ဘာ ၂၆**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးကြောင့် အိန္ဒိယသမုဒ္ဒရာ ကမ်းဘေးတစ်လျှောက်ရှိနိုင်ငံများတွင် ဆူနာမီရေလှိုင်းဒဏ်သင့်ခဲ့ရမှု ၁၀ နှစ်ပြည့် ဆုတောင်းပွဲများကို အင်ဒိုနီးရှားနိုင်ငံအပါအဝင် ဒေသဆိုင်ရာ နိုင်ငံများတွင် ယနေ့ကျင်းပသည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်သည် ဆူနာမီရေလှိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ ယူဆွတ်ကာလာသည် အာချေးပြည်နယ် ဆီရွန်မြို့၌ပြုလုပ်သော ဆုတောင်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဆူနာမီရေလှိုင်းဘေးဥပဒ်ဆိုက်ရောက်မှု ၁၀ နှစ်ပြည့် ဆုတောင်းပွဲအခမ်းအနားများကို ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင်လည်း ကျင်းပကြသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာအောက်ဘက်မှ မြေငလျင်လှုပ်ရှားမှုကြောင့် ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ရာ ဒေသဆိုင်ရာနိုင်ငံများ၌ လူပေါင်း ၂၀၀၀၀၀ ကျော်သေဆုံးခဲ့ရသည်။

စေတနာ့ဝန်ထမ်းလုပ်အားပေးများနှင့် ကမ္ဘာ့နိုင်ငံများသည် အာချေးပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း အာချေးပြည်နယ်မြို့တော် ဘန်ဒါအာချေး၌ ကျင်းပသည့် အခမ်းအနားတွင် ဒုတိယသမ္မတက ပြောကြားသည်။

အာချေးပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခဲ့ကြသော နိုင်ငံများမှ သံတမန်များမှာလည်း ဆုတောင်းပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဆူနာမီရေလှိုင်းရိုက်ခတ်သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် အာချေးပြည်နယ်၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လတွင် အာချေးနှင့် အင်ဒိုနီးရှားအစိုးရတို့ ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဖန်ငပြည်နယ်မှ ရေလုပ်ငန်းလုပ်ကိုင်သော ရွာငယ်လေးဖြစ်သည့် ဘန်နန်ခမ်ရွာကလေးမှ ပြည်သူများက ဆုတောင်းပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံတွင် သမုဒ္ဒရာဘုရင်မအမည်ရှိ အမြန်ရထားသည် မြို့တော်ကိုလံဘိုတောင်ဘက်၌ ဆူနာမီရေလှိုင်းဒဏ်သင့်ခဲ့ရာ လူပေါင်း ၁၇၀၀ ကျော် သေဆုံးခဲ့ရပြီး ကမ္ဘာ့ရထားသမိုင်းတွင် အကြီးဆုံးသော ဥပဒ်ဆိုက်ရောက်မှု ဖြစ်ရပ်ဖြစ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ မလေးရှား၊ မော်လ်ဒိုက်နိုင်ငံတို့၌လည်း ဆူနာမီရေလှိုင်းဘေးကျရောက်ခဲ့ရပြီး အာဖရိကတိုက်အရှေ့ပိုင်းရှိ ကင်ညာ၊ ဆိုမာလီယာနှင့် တန်ဇန်းနီးယားပင်လယ်ကမ်းခြေများတွင်လည်း ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့သည်။

**ဘီဘီစီ။**



## နိုင်ငံတကာလေဆိပ်သစ် ပေကျင်း၌ စတင်တည်ဆောက်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၏ နိုင်ငံတကာလေဆိပ်သစ်ကို ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ဆောက်လုပ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မြို့တော်ပေကျင်းရှိ လက်ရှိနိုင်ငံတကာလေဆိပ်မှာ ကမ္ဘာပေါ်ရှိ လေဆိပ်များအနက် ခရီးသည် အဝင်၊ အထွက် ဒုတိယအများဆုံးလေဆိပ်ဖြစ်သော်လည်း လေယာဉ်များနှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ၂၀၁၃ ခုနှစ်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် လေဆိပ်အသစ်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပေကျင်းတောင်ဘက်၌ အသစ်တည်ဆောက်သည့် နိုင်ငံတကာလေဆိပ်သည် ၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ တစ်နှစ်လျှင် ခရီးသည်ဦးရေ ၇၂ သန်းအထိ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**ရွှေဘို ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကသာခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ မော်လိုက်ခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် ရွှေဘိုခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မြင်းပြိုင်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် သဘာပတိ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုယ်စား ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များက အဆိုများကို ဖတ်ကြားတင်သွင်းထောက်ခံ ဆွေးနွေးကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၈)ခရိုင်မှ တောင်သူလယ်သမား ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့ ရွှေဘိုမြို့၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲတွင် ဆွေးနွေးသည့် အဆိုနှင့် မေးခွန်းများသည် အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာစွာတင်ပြခဲ့ပြီး လွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ကို ယုံကြည်စွာ တင်ပြခဲ့ခြင်းဖြစ်၍ ဂုဏ်ယူပါကြောင်း၊ ယခုတင်ပြချက်များအပေါ် မူတည်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် လွှတ်တော်နှင့် အစိုးရအဖွဲ့၌ တာဝန်ရှိသည်ဟုခံယူပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။





အဆိုများကိုပြန်လည်သုံးသပ်ပါက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်နေသည့် အချိန်ကာလနှင့် အလွန်ပင် အံ့ဝင်ခွင်ကျဖြစ်ပါကြောင်း။

ယနေ့လွှတ်တော်များရှိ၍ ဒီမိုကရေစီရှိပြီး ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်လိုကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် ဒီမိုကရေစီအခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုများနှင့် ထောက်ခံဆွေးနွေးချက်များ၊ မေးမြန်းဖြေကြားချက်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့တို့အနေဖြင့် တွေ့ဆုံပွဲပြီးလျှင် ပြီးရောသဘောမထားဘဲ ဆက်လက်ဆောင်ရွက်သွားမည်ဟု ကတိပြုရန်လိုကြောင်း၊ ယနေ့တင်ပြဆွေးနွေးချက်များကိုစုစည်းပြီး ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဖြစ်နိုင်သမျှ၊ တတ်နိုင်သမျှ တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယနေ့တွေ့ဆုံမှုသည် စစ်ကိုင်းတိုင်းဒေသကြီးအတွက်သာမကဘဲ တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကွင်းအတွင်းခင်းကျင်းပြသထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာပေးပြခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဂျပန်နိုင်ငံ Sapporo မြို့ ဒုတိယမြို့တော်ဝန် Mr. Noriaka Ikushima ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**



တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ နှစ်နိုင်ငံသံတမန်ဆက်ဆံခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်နှင့် ဂျပန်နိုင်ငံ Sapporo Maruyama တိရစ္ဆာန်ဉယျာဉ်အကြား တိရစ္ဆာန်များ အပြန်အလှန်လဲလှယ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ Sapporo Maruyama တိရစ္ဆာန်ဉယျာဉ်အနေဖြင့် ရန်ကုန်တိရစ္ဆာန်ဉယျာဉ်တွင် တိရစ္ဆာန်များကို အများပြည်သူအားပြသခြင်း၊ ပညာပေးခြင်း၊ တိရစ္ဆာန်များ သိပ္ပံနည်းကျထိန်းသိမ်းခြင်း၊ မျိုးရိုးဗီဇထိန်းသိမ်းပြီး မျိုးစပ်စေခြင်းဆိုင်ရာနည်းပညာများ အကူအညီပေးမည့် အစီအစဉ်၊ မြန်မာနိုင်ငံအနေနှင့် အခြားနိုင်ငံများအကြား တိရစ္ဆာန်လဲလှယ်ပြီး အများပြည်သူအား ပြသနိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံရှိ တောဆင်ရိုင်းများ ကျက်စားမှုနှင့် ဆင်ဘေးမဲ့တောများ တည်ထောင်၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု၊ ယဉ်ပါးပြီးဆင်များ မွေးမြူစောင့်ရှောက်ထားမှုအခြေအနေ၊ အစဉ်အလာအရ ဆင်များအပေါ် အလေးအမြတ်ထားမှု၊ မြန်မာနိုင်ငံဆင်ထိန်းသိမ်းရေးစီမံချက် ရေးဆွဲဆောင်ရွက်သွားမည့်အစီအစဉ်၊ နောင်အနာဂတ်ကာလတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းကြသည်။

ရန်ကုန် တိရစ္ဆာန်ဉယျာဉ်နှင့် Sapporo Maruyama တိရစ္ဆာန်ဉယျာဉ်အကြား မြန်မာနိုင်ငံမှ ဆင်နှင့် ဂျပန်နိုင်ငံဘက်မှ သစ်ကုလားအုတ်၊ မြင်းကျား၊ ဖလင်းမင်းဂိုငှက်(Flamingo) အပါအဝင် အခြားရှားပါးတိရစ္ဆာန်များကို အပြန်အလှန်လဲလှယ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်တံတား တည်ဆောက်

**ချောင်းဆုံ ဒီဇင်ဘာ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကလို့ကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ ကလို့ကွင်းချောင်းကူးသံကူကွန်ကရစ်တံတား(ပေ ၃၀ × ၁၄ ပေ × ၇ ပေ)အား နိုင်ဝင်းတင် ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ကျေးလက်ဦးစီး)**





| | | | |
|---|---|---|---|
| MYA YADANAR CINEMA | Mon ~ Thurs 12.30 -3.30-6.30-9.30 | Fri , Sat & Sun 9:30-12.30 -3.30-6.30-9.30 | PH : 01 556 782 |
| SHWE BAHO CINEMA | Mon ~ Thurs 9:30-12.30 -3.30-6.30-9.30 | Fri , Sat & Sun 9:30-12.30 -3.30-6.30-9.30 | PH : 01 554 383 |
| JUNCTION CINEPLEX SQUARE - THEATRE(1) | Sun ~ Thurs 9.15 -12.15-3.15-6.15 | Fri & Sat 9.15 -12.15-3.15-6.15-9.15 | PH : 01 527055, 09 254424544 |
| JUNCTION CINEPLEX SQUARE - DELL THEATRE | Sun ~ Thurs 9.45 -12.45-3.45-6.45 | Fri & Sat 9.45 -12.45-3.45-6.45-9.45 | PH : 01 527055, 09 254424544 |
| JUNCTION CINEPLEX MAW TIN - THEATRE(2) | Sun ~ Thurs 9.15 -12.15-3.15-6.15 | Fri & Sat 9.15 -12.15-3.15-6.15-9.15 | PH : 01 225 244 |



# ကျန်းမာရေးဝန်ကြီးဌာန၏ (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံအကြို

ကျန်းမာရေးဆိုင်ရာသုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာစေရန်နှင့် ကျန်းမာရေးနှင့် နှီးနွယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများ လက်ဝယ်သို့ သုတေသနရလဒ်များရောက်ရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ကျင်းပသော (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္လာနေ့)မှ ၉ ရက် (သောကြာနေ့)အထိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အမှတ် (၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပတော့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဆေးသုတေသနဌာနကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်နှစ်အကြာတွင် မြန်မာ့သုတေသီပညာရှင်များသည် ကြိုးစားဆောင်ရွက်ခဲ့ကြသော ကျန်းမာရေးသုတေသနလုပ်ငန်းများမှ ရရှိလာသော သုတေသနတွေ့ရှိချက်များကို စာတမ်းပြုစုကြပြီး ပထမဆုံးသော သုတေသနညီလာခံကို ၁၉၆၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပခဲ့ရာ စာတမ်းစုစုပေါင်း ၁၂ စောင်ကို ဖတ်ကြားတင်ပြခဲ့ကြပါသည်။ ၁၉၇၅ -၁၉၇၈ ခုနှစ်အတွင်းနှင့် ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၃၊ ၁၉၈၄ ခုနှစ်များတွင် မကျင်းပနိုင်ခဲ့ဘဲ ၁၉၈၅ ခုနှစ်မှစ၍ ယခုတိုင်နှစ်စဉ်ပုံမှန်ကျင်းပခဲ့ရာ ယခုကျင်းပမည့် သုတေသနညီလာခံသည် (၄၃) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။ ညီလာခံတွင် သုတေသီတို့ စူးစမ်းလေ့လာမှုမှတွေ့ရှိလာသည့်ရလဒ်များကို စာတမ်းတင်သွင်းဖတ်ကြားရုံသာမက လူအများ၏ စိတ်ဝင်စားမှုနှင့် အာရုံစူးစိုက်မှုပိုမိုလာစေရန် သုတေသနပိုစတာပြပွဲကိုလည်း ၁၉၉၁ ခုနှစ်မှစ၍ ထည့်သွင်းပြသခဲ့ပါသည်။ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) များကိုလည်း ၂၀၀၂ ခုနှစ်မှစ၍ ထည့်သွင်းကျင်းပခဲ့ပါသည်။ ကျန်းမာရေးဆိုင်ရာသုတေသန စာတမ်းများ၏ အရည်အသွေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သုတေသီများ၏ သုတေသနပြုဆောင်ရွက်ချက်များကို ချီးမြှင့်ဂုဏ်ပြုအားပေးရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၃ ခုနှစ် သုတေသနညီလာခံမှ စတင်၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ တစ်ဖန် ၂၀၁၀ ပြည့်နှစ်မှစပြီး လူငယ်သုတေသီဆုများကိုလည်း သုတေသနအမျိုးအစားအလိုက် ထပ်မံဖြည့်စွက်ချီးမြှင့်ပေးခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ခုနစ်ခုကို ဖွဲ့စည်းထားရှိပေးလျက် လုပ်ငန်းတာဝန်များကိုလည်း ချမှတ်ပေးထားသဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက် လုပ်ငန်းကော်မတီ၏ တာဝန်များဖြစ်သော သုတေသနညီလာခံ ကျင်းပရေးအတွက် လိုအပ်သောခွင့်ပြုချက်များ တောင်းခံရယူခြင်း၊ ဆပ်ကော်မတီများဖြစ်ကြသော စာတမ်းကြီးကြပ်ရေး၊ အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် အထောက်အကူပြုဆပ်ကော်မတီတို့၏ လုပ်ငန်းများကို တည်းဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊ သုတေသနညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထွေထွေလမ်းညွှန်ကြီးကြပ်ညှိနှိုင်းပေးခြင်း၊ ကျင်းပရေးဦးစီးကော်မတီသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံခြင်းနှင့် သုတေသနညီလာခံကျင်းပပြီးစီးလျှင် သုံးသပ်ချက်အစီရင်ခံစာကို ဦးစီးကော်မတီသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ရပေသည်။

ညီလာခံတွင် ကျန်းမာရေးနှင့်ပတ်သက်သော သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားလိုသော ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဆေးရုံကြီးများမှ သုတေသီပညာရှင်များသည် စာတမ်းဖတ်ကြားခွင့်တင်ပြလွှာကို သက်ဆိုင်ရာဌာနအကြီးအကဲ၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်မှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သို့ လိပ်မူကာ ပေးပို့ရမည်ဖြစ်ပါသည်။ ပေးပို့ရာတွင် သုတေသနစာတမ်းအကျဉ်းကို အင်္ဂလိပ်ဘာသာ(စာလုံးရေ ၂၅၀ ထက်မကျော်လွန်စေရဘဲ)ဖြင့်လည်းကောင်း၊ မြန်မာဘာသာအဓိပ္ပာယ်ပြည့်စုံဆီလျော်စွာ ဘာသာပြန်ဆိုချက်ပါဝင်စေလျက်လည်းကောင်း ပေးပို့ရပါသည်။ စာတမ်းအကျဉ်းသည် သုတေသနလုပ်ငန်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်၊ တွေ့ရှိချက်၊ ဆွေးနွေးချက်တို့ကို ဖော်ပြထားသော စာတမ်းတစ်ခုလုံးကို ကိုယ်စားပြုနိုင်သည့် လိုရင်းတိုရှင်းရေးသားချက်ဖြစ်ရန် လိုအပ်ပါသည်။

တင်သွင်းမည့်စာတမ်းအပြည့်အစုံသည်လည်း စာတမ်းအကျဉ်းအပါအဝင် စာလုံးရေ ၃၅၀၀ ထက် မကျော်လွန်စေဘဲ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ထုတ်ဝေသော မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal)ပါ ညွှန်ကြားချက်များနှင့်အညီ အင်္ဂလိပ်ဘာသာဖြင့်ရေးသားပြုစုကာ ကွန်ပျူတာဖြင့် ရိုက်နှိပ်၍ ပေးပို့ရန်ဖြစ်ပါသည်။ စာတမ်းရှင်မှ သုတေသနအမျိုးအစားအလိုက် မိမိ၏စာတမ်းသည် အခြေခံသုတေသန(Basic Research)၊ အသုံးချသုတေသန(Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ် သုတေသန (Social Science/Health Systems Research)သတ်မှတ်ဖော်ပြလျက် အခြားတစ်နေရာ၌ ဖတ်ကြားတင်သွင်းပုံနှိပ်ထားခြင်းမရှိကြောင်း လက်မှတ်ရေးထိုးဝန်ခံချက်တစ်ပါတည်း တင်ပြရန်လိုအပ်ပါသည်။ စာတမ်းကို ပိုစတာအဖြစ်ဖြင့် တင်သွင်းမည့် သုတေသီများသည် အရွယ်အစား အလျား၊ အနံ ၄၈ လက်မစီရှိ ပိုစတာ သင်ပုန်းတွင် ဖော်ပြရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ညီလာခံတွင် တင်သွင်းဖတ်ကြားလာသည့် စာတမ်းများအနက်မှ အကောင်းဆုံးလက်တွေ့အသုံးချသုတေသန (Applied Research)စာတမ်းတစ်စောင်၊ အကောင်းဆုံးအခြေခံသုတေသန(Basic Research)စာတမ်းတစ်စောင်၊ အကောင်းဆုံး လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန(Social and Health Systems Research)စာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံး ပိုစတာတစ်စောင် စုစုပေါင်း လေးစောင်ကိုလည်းကောင်း၊ လူငယ်သုတေသီဆု သုံးဆုအတွက် လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ အခြေခံသုတေသနစာတမ်းတစ်စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသနစာတမ်းတစ်စောင် စုစုပေါင်း သုံးစောင်ကိုလည်းကောင်း အသီးသီး ရွေးချယ်ပေး၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ယခုအချိန်အခါတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများသည် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ ယခင်နောက်ဆုံးအကြိမ်ကျင်းပခဲ့သော (၄၂)ကြိမ်မြောက်ညီလာခံတွင် သုတေသနစာတမ်း ၉၇ ခုနှင့်သုတေသန ပိုစတာ ၃၃ ခုတင်သွင်းခဲ့ကြပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ရှစ်ခုကိုလည်း ထည့်သွင်းကျင်းပခဲ့ကြပါသည်။ တင်သွင်းခဲ့သော စာတမ်းများ၏ ပညာရပ်နယ်ပယ်များမှာ ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ အသည်းရောင်အသားဝါ၊ သွေးလွန်တုပ်ကွေး၊ ကလေးကျန်းမာရေး၊ သားဖွားနှင့်မီးယပ်၊ အာဟာရ၊ မျိုးပွားကျန်းမာရေး၊ မြွေကိုက်သုတေသန၊ သွေးသုတေသန၊ ဇီဝကမ္မဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာသုတေသန၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ခုခံအားကျဆင်းမှု၊ ပြည်သူ့ကျန်းမာရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေး စသည်တို့ဖြစ်ကြောင်း သိရှိရပေသည်။

a'¸ufwmeDuf/D
aq;oknwoeOD;pD;Xme(atmufjrefrmjynf)

**ကျန်းမာရေးဝန်ကြီးဌာန**

**(၄၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ**

**သုတေသနညီလာခံ**

**(၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၉ ရက်)**
**ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)**
**အမှတ်(၅)ဇီဝကလမ်း၊ ရန်ကုန်မြို့**

မကြာမီ ကျင်းပကြမည့် (၄၃)ကြိမ်မြောက် ညီလာခံတွင်လည်း ယခင်နှစ်များထက် တင်သွင်းမည့် စာတမ်းအရေအတွက် ပိုမိုလာမည်ဟု ယုံကြည်မိပါသည်။ ညီလာခံကျင်းပသည့် ငါးရက်တာကာလအတွင်း ကျန်းမာရေးဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ ပိုစတာများပြသခြင်းအပြင် နည်းပညာရက်သတ္တပတ် (Technology Week) အဖြစ်သတ်မှတ်ကာ ဆေးကုမ္ပဏီများမှ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများအကြောင်း ရှင်းလင်းဟောပြောခြင်းနှင့် ဆေးနှင့်ဆေးကိရိယာပြခန်းများ ခင်းကျင်းပြသခြင်းများကိုလည်း ကျင်းပခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသည်။

စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသည်လည်း မိမိတို့၏ သုတေသနစွမ်းဆောင်ရည်ပြည့်ဝမှုကို မှတ်ကျောက်တင်အကဲဖြတ်ရာနေရာဖြစ်သည့် ညီလာခံကြီးမှပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးစာတမ်းဆု၊ ပိုစတာဆုနှင့် လူငယ်သုတေသီဆုများရရှိရေးအတွက် ရင်ခုန်မှုဖြင့် မျှော်လင့်စောင့်စားလျက်ရှိနေပြီဖြစ်ပေသည်။

ညီလာခံကြီးတွင် တင်ပြဖတ်ကြားကြမည့် သုတေသနစာတမ်းများနှင့် နှီးနှောဖလှယ်ပွဲများသည် ယနေ့မျက်မှောက်ခေတ်ကာလ၌ နိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော အရေးကြီး ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်မှုရှိနေသဖြင့် ညီလာခံမှတင်ပြဆွေးနွေး တိုင်ပင်အဖြေရှာဖော်ထုတ်ချက်ရလဒ်များသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းနှင့် ညီလာခံသို့ အနယ်နယ်အရပ်ရပ်မှ ဆရာဝန်များ၊ သုတေသီများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ဘွဲ့လွန်သင်တန်းသားများသာမက သုတေသနစိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။

# ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- ◆ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအားထိန်းချုပ်ရန် ခက်ခဲသော ရောဂါဖြစ်ပါသည်။
- ◆ ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea,Liberia, Nigeriai, Slerra Leone Senegal Mail,DR Congo နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့ (ဥပမာအမေရိကန်နိုင်ငံ၊ စပိန်နိုင်ငံ)တို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ ၅၀ မှ ၉၀ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးနိုင်ပါသည်။
- ◆ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါအား ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ယင်းကပ်ရောဂါသည် ကာလအတန်ကြာ ဆက်လက်ဖြစ်ပွားနေမည်ဟု ခန့်မှန်းရကြောင်း နှိုးဆော်ထားရှိပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သောနည်းလမ်းများ**

- ◆ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသော လူ(သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- ◆ လူနာ၏ သွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- ◆ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- ◆ ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန် အရေးကြီးပါသည်။
- ◆ ရောဂါပိုးရှိသောလူနာနှင့် တိရစ္ဆာန်တို့၏ တံတွေး၊ သွေးစသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့်နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံများ(အထူးသဖြင့် အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန် အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- ◆ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ကြို့ထိုးခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ဗိုက်နာခြင်း။
- ◆ အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့်ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ် ဖြစ်နိုင်ပါသည်။

**အီဘိုလာရောဂါကူးစက်မှု မရှိစေရေး ကာကွယ်ရန်နည်းလမ်းများ**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။

၂။ လက်ကိုရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။

၃။ ရောဂါပိုးရှိသူ၏ သွေးနှင့်၎င်းခန္ဓာကိုယ်မှ ထွက်သောအရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။

၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့်၎င်းခန္ဓာကိုယ်မှ ထွက်သော အရည်များရှိနိုင်သည့် အရာဝတ္ထုပစ္စည်း (ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကား လက်ရန်း၊ နံရံစသည်)တို့အား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။

၅။ အထူးသဖြင့် လွန်ခဲ့သောတစ်လအတွင်း အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။

**ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားနှင့်အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစားမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ကြို့ထိုးခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ဗိုက်နာခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**

၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

၈။ ရောဂါဖြစ်ပွားကူးစက်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကျန်းမာရေးဌာနများသို့ ဆက်သွယ်သတင်းပေးပို့၍ ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ အကြံဉာဏ်ရယူဆောင်ရွက်ပါ။

၉။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါလူနာများ ကာကွယ်ကုသရာတွင် ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများပြည့်စုံစွာ စနစ်တကျ ဝတ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရမည်။ ပြည့်စုံသော ကိုယ်ခန္ဓာ ကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ ဝတ်ဆင်ခြင်းမပြုဘဲ လူနာအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရပါ။

**ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။**

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်တွင်းရေးရာ




# လွတ်လပ်မျှတသောရွေးကောက်ပွဲ ပွင့်လင်းမြင်သာစွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့(မြန်မာပြည်) (Civil Authorize Negotiate Organization)နှင့် အထက်မြန်မာပြည်အခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်း (၁၀)ဖွဲ့တို့မှ တာဝန်ရှိသူ ၁၆ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ တွေ့ဆုံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလကုန်(သို့မဟုတ်) နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပရန် စီစဉ်ထားကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင်ပညာပေးခြင်းတို့အား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် သိက္ခာ၊ သမာဓိရှိပြီး ပါတီအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ မဲဆန္ဒရှင် ပညာပေးခြင်းကို ဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်နှင့် လက်စွဲစာစောင်များ လေ့လာပြီး ညွှန်ကြားထားသည်များနှင့် အညီ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားပြီး ၎င်းတို့အဖွဲ့လိုက် လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံ မဲဆန္ဒရှင် စာရင်းပြုစုခြင်းလုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ကော်မရှင်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ မဲဆန္ဒရှင်စာရင်းကောက်ယူခြင်း၊ မဲဆန္ဒရှင်များပညာပေးခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲစနစ်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၁၄-၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၃ ဒသမ ၉၂ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၇ ဒသမ ၅၉ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၉ ဒသမ ၅၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၃ ဒသမ ၆၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၃ ဒသမ ၂၃ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၆၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၇၇ ဒသမ ၇၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၈၈၆ ဒသမ ၅၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၆၄ ဒသမ ၃၈ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၅၆ ဒသမ ၀၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၆ ဒသမ ၀၁ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၈၄၂ ဒသမ ၀၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၂၉၇၇ ဒသမ ၆၈ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ထံမှ သိရှိရသည်။ **(သတင်းစဉ်)**

## ခေတ်သစ်ထဲက ပိုလ်ရှုသဘင်


✻ တစုတရုံးသာပဲ့
ရှုမဆုံးပါ သည်လမ်းမမှာ
ပန်းလှဖြာ သာတဲ့သွင်။

✻ နိုင်ငံနဲ့လူမျိုး
တန်ဖိုးနဲ့သိက္ခာ
အချုပ်အခြာ သင်္ကေတလို
သမ္မတကို အလေးပြု
ပိုလ်ရှုသဘင်။

✻ ပြည်တော်ခရီးလမ်း
ရည်မျှော်ကာ မော်စရာထီးနန်းပေပေါ့
စည်တော်ကြီး ရွှမ်းလေလျှင်
လမ်းမြေပြင်မှ ရောင်စုံဖွေး။
(အိုကွယ်.....)
ထက်ဝေဟင်မှာဖြင့် လေယာဉ်ပြေး။

✻ ခုလို လွတ်လပ်နေ့မှာ
မမေ့ဟန် ယခင်အတိတ်လိုဖြင့်
ဓလေ့စံ အယဉ်ရိုပ်ခိုလို့
စိတ်လည်းချို ကိုယ်လည်းမွှေးစွာ
အလေးပြုအခမ်းအနားကို
ဆန်းပြားစွာ သည်လိုကျင်းလေတော့
ကောင်းခြင်းဂုဏ် တစ်ဖုံမြင့်တယ်လို့
အဟုန်ဆင့်ကာ နိုင်ငံသစ်ကို
ခေတ်သစ်မှာ ဝတ်မှုန်ကူးနယ်
အဖူးပွင့်စေ နိမိတ်ကောင်းမှာ
သောင်းခြိမ့် ညံကြွေး။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)



## ပြည်တွင်းရေးရာ

ဝရှေ့ဖုံးမှ
ကောင်းများရှိသည့်အတွက် ဒေသဝမ်းစာ ဖူလုံရုံဖြင့်ကျေနပ်မနေဘဲ ပိုလျှံအောင်စိုက်ပျိုးမွေးမြူပြီး ပြည်ပသို့တင်ပို့နိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ကျရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသနေပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် မြို့မိမြို့ဖအကျိုးဆောင်များက ဒေသတွင်းနေပြည်သူများနှင့် ဆက်စပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်းတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားရရှိမှုများနှင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများ ကြွယ်ဝပြီး ရှည်လျားသည့် ကမ်းရိုးတန်းကိုလည်းပိုင်ဆိုင်ထားသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ပြင်ကြီးကို အသုံးချရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကမ်းရိုးတန်းပိုင်ဆိုင်သည့်ဒေသများ ဦးစွာဖွံ့ဖြိုးတိုးတက်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့သို့ ရောက်ရှိလာရာ မြို့မိမြို့ဖများနှင့် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကျောက်တော်မြို့၌ ကြိုဆိုနေကြသော ဒေသခံပြည်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

* အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် အားသာချက်များရှိ။

* ကျောက်ဖြူစက်မှုဇုန်၊ မဒဲကျွန်းရေနက်ဆိပ်ကမ်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှုနှင့် ရေနံစိမ်းတင်ပို့နိုင်မည့် အခြေခံလုပ်ငန်းများကိုအမှီပြု၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်။

* ပေါ်ထွက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကျွမ်းကျင်လုပ်သားများလိုအပ်။

ယင်းနောက် မြို့မိမြို့ဖကိုယ်စားလှယ်များက စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်သမ္မတက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဓညဝတီမြို့ဟောင်း ပထမအကြိမ်တူးဖော်မှုသုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးသည် အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမန်ခွင့်ပြုပေးသည့် ဘဏ္ဍာငွေများအပြင် သီးသန့်ရန်ပုံငွေများ ခွင့်ပြုပံ့ပိုးပေးခဲ့ပါကြောင်း၊ လျှပ်စစ်မီးကို အခြေပြု၍ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများ၊ အသေးစား၊အလတ်စားစက်မှုလုပ်ငန်းများနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးသည်အရေးကြီးပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် အားသာချက်များရှိနေပါကြောင်း၊ ကျောက်ဖြူစက်မှုဇုန်၊ မဒဲကျွန်းရေနက်ဆိပ်ကမ်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှုနှင့်ရေနံစိမ်းတင်ပို့နိုင်မည့် အခြေခံလုပ်ငန်းများကို

စာမျက်နှာ ၉ သို့ ◆



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ဇီးချောင်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဒီဇင်ဘာ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကား ပြောကြားရာတွင် ကျေးလက်နေ ပြည်သူများ အဓိကလိုအပ်ချက်ဖြစ်သည့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်လျက်ရှိသော ကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်ကူညီမှု များဖြင့် မိမိတို့မြို့နယ်၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုလို လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာ တင်ယာဉ်ကိုလည်း လုပ်ငန်းလိုအပ်လျက်ရှိသည့် ကိစ္စရပ်များတွင် စနစ်တကျ ထိန်းသိမ်းသုံးစွဲ ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မြို့နယ်ဘောလုံးအသင်းများအတွက် ဘောလုံးများကို မြို့နယ်အားကစားဦးစီးမှူးထံသို့ လည်းကောင်း၊ မီးသတ်ယာဉ်အား မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူထံသို့ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က လူနာတင်ယာဉ်အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ လူနာတင်ယာဉ်နှင့် မီးသတ်ယာဉ် ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဖလား ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ယမန်နေ့ကလည်း စကားဝါမြေဖောင်ဒေးရှင်း၏ ပဉ္စမအကြိမ်မြောက် ကျေးရွာ ၂၀ တို့မှ ရှင်သာမဏေလောင်း ၁၅၂ ပါးတို့အား သာသနာ့ဘောင်သို့ ချီးမြှင့်သည့် ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် ပွေးကျစ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသည်။ ဆက်လက်၍ ပွေးကျစ်တောင်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်သည့် ဒိုးပတ်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများသို့ အားပေးကြည့်ရှုပြီး ဒိုးပတ်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲမှ ဆုရရှိသောအဖွဲ့များအား ဆုဖလား၊ ဆုတော်ငွေများနှင့် Skynet ရုပ်သံလွှင့်စက်တစ်စုံစီ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့သည် ဒေသခံကျေးရွာသူကျေးရွာသားများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပဉ္စမအကြိမ်မြောက် ရှင်သာမဏေ ၁၅၂ ပါး ရှင်ပြုခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးတို့သည် ကျေးရွာလူထုနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိတော့မည်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် (1.5) MW ဓာတ်အားရှိ Gas Engine စက်ငယ် ၃၂ လုံးဖြင့် (50 MW) ဓာတ်အားထုတ်လုပ်ပြီး ရခိုင်ပြည်နယ်တစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ကျောက်ဖြူမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဓာတ်အားပေးစက်များကို National Grid (အမျိုးသားကွန်ရက်)မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ပထမအကြိမ်အနေဖြင့် ပံ့ပိုးပေးခြင်းဖြစ်ပြီး မကြာမီကာလအတွင်း ဓာတ်အားအပြည့်အဝ မရရှိခဲ့သော၊ အချိန်အကန့်အသတ်ဖြင့်သာ ဓာတ်အားသုံးစွဲခဲ့ရသော ရခိုင်ဒေသအသီးသီးသို့ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**



**တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

# သတိပေးနှိုးဆော်ချက်

၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၄ နာရီတွင် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း MEP ခန်းမ၌ကျင်းပမည်ဖြစ်၍ မွန်းလွဲ ၂ နာရီမှစ၍အခမ်းအနားပြီးဆုံးသည့်အချိန်အထိ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ပြည်လမ်းတစ်လျှောက် မြေနီကုန်းမီးပွိုင့်မှ အလုံလမ်းမီးပွိုင့်အထိ။

(၂) ရှင်စောပုလမ်းတစ်လျှောက် ဦးဝိစာရမီးပွိုင့်မှ ဗဟိုလမ်းမီးပွိုင့်အထိ။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်တွင် သာကေတ၊ ဒေါပုံ၊ ကြည့်မြင်တိုင်၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ကမာရွတ်၊ အလုံ၊ ကျောက်တံတား၊ ဗဟန်း၊ မရမ်းကုန်း၊ လှိုင်၊ လသာ၊ လမ်းမတော်၊ ဒဂုံ၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာ ၂၈ ရက်တွင် ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(မြောက်)၊ ဒဂုံ(အရှေ့)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဒေါပုံ၊ သာကေတ၊ တောင်ဥက္ကလာ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အသိပေးထားသည်။ **(ကြေးမုံ)**

# ဘားအံမြို့နယ်အတွင်း ကျေးလက်မီးလင်းရေး ဆိုလာမီးများပေးအပ်

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်းစနစ် မရောက်ရှိနိုင်သေးသော ကျေးရွာများသို့ မီးရရှိစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၈၃ ဒသမ ၆ သန်းဖြင့် ကျေးရွာ ၅၉ ရွာ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ် အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းစနစ် မရောက်ရှိနိုင်သေးသော ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၉၀၀ မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၈၀ ဖြင့် ဆိုလာမီးများ ဆောင်ရွက်ပေးနေမှုကို ဒီဇင်ဘာ ၂၅ ရက်က ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေဦးက ကွင်းဆင်းစစ်ဆေးပြီး ငနက်ပြာ ကျေးရွာရှိ အိမ်ထောင်စုများအား ဆိုလာပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုနေ(ပြန်/ဆက်)**



## ပြည်တွင်းရေးရာ

● ရွှေ့ဖုံးမှ

**အကယ်ဒမီလူမင်း**

ကျွန်တော် အကယ်ဒမီတစ်ကြိုစာရင်းထဲမှာပါတဲ့အတွက် အတိုင်းထက်အလွန်ဝမ်းသာမိပါတယ်။ ရုပ်ရှင်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ကော ပွဲစီစဉ်သူတစ်ယောက်အနေနဲ့ပါ ကျွန်တော်ရဖို့ထက် ဒီပွဲကြီး အောင်အောင်မြင်မြင်ချောချောမောမောပြီးဆုံးသွားနိုင်ဖို့အတွက်ကို စိတ်ပူနေပါတယ်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်ချီးမြှင့်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကြီးတစ်ခုလုံးအတွက် Index Creative Village ဆိုတဲ့အဖွဲ့ကို ကျွန်တော်တို့ ငှားရမ်းပြီးတော့ စီစဉ်တယ်။ သူတို့က နိုင်ငံတကာပွဲ အတွေ့အကြုံတွေရှိတဲ့သူတွေဆိုတော့ ပရိသတ်ခံစားခွင့်ရအောင် ဘယ်လိုပုံစံမျိုးတွေ ကျကျနန ပြင်ဆင်ထားလဲဆိုတာ မနက်ဖြန် စောင့်ကြည့်ပါလို့ပြောပါရစေ။ ဒီပွဲကို ပရိသတ်တွေတွေ့ရင် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုသဘောပေါက် သွားမှာပါ။ စီစဉ်တင်ဆက်မှုတွေကိုလည်း ကျကျနန စနစ်တကျ တင်ဆက်သွားနိုင်အောင် အကောင်းဆုံးကြိုးစားထားတယ်။ ပွဲတော်ထဲကို ကိုယ်တိုင်လာရောက်ကြည့်ရှုချင်တဲ့ ပရိသတ်များကိုလည်း နေရာအခက်အခဲကြောင့် တောင်းပန်ပါတယ်။ ချစ်ခင်လေးစားပါတယ်။ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ သန်းနဲ့ချီတဲ့မိဘပြည်သူများနည်းတူ ဒီအခမ်းအနား အစီအစဉ်ကြီးကို ကြည့်ရှုခံစားပါလို့ ပြောချင်ပါတယ်။

"မြန်မာ့ မြန်မာ့ ရုပ်ရှင် နိုင်ငံ့ဂုဏ်အင်တိုးတက်မှုအစဉ်အရာရာနှိုင်းယှဉ်"ဆိုတဲ့ မြန်မာ့ရုပ်ရှင်သီချင်းအဖွင့်သီချင်းကို သီဆိုကြမယ့် အနုပညာရှင်များနဲ့တွေ့ခိုက် သူတို့ရဲ့ ရင်ခုန်သံတချို့ကို မေးမြန်းခဲ့ရာ-

**ကလေးသရုပ်ဆောင် ဟဲဗီးဖြိုး**

ကျွန်တော်ရခဲ့မယ်ဆိုရင်တော့ အကုန်လုံးကို ကျွေးရမှာပေါ့ဗျာ။ ယွန်းယွန်းလေးလည်း ရနိုင်ပါတယ်။ ကျွန်တော် အကယ်ဒမီအဖွင့်မှာ မြန်မာ့ရုပ်ရှင်သီချင်းကို တေးသရုပ်ဖော်အနေနဲ့ ပါဝင်မှာပါ။ ကျွန်တော်ဒီနှစ်မှာတော့ ဘယ်သူရမယ်လို့တော့ မမျှော်မှန်းထားပါဘူး။ အကုန်လုံးကိုရစေချင်တာပေါ့။ ဒါပေမယ့် အကယ်ဒမီက အကုန်လုံးကို ပေးလို့မရဘူးလေ။ ကိုနေတိုးနဲ့ မကစ်ရမယ်လို့ ကျွန်တော်ထင်ပါတယ်။

**ချောသီရိစံ**

ညီမလေးက ဟဲဗီးဖြိုးနဲ့တွဲပြီးတော့ မြန်မာ့ရုပ်ရှင်သီချင်းကို တေးသရုပ်ဖော်မှာပါ။ ညီမကတော့ မရသေးတဲ့ အစ်ကိုတွေ၊ အစ်မတွေကို ရစေချင်ပါတယ်။

**ရသ**

ကျွန်တော် အကယ်ဒမီအဖွင့်သီချင်းကို သီဆိုမှာပါ။ ကျွန်တော်ကတော့ "စေတန်ရဲ့ကချေသည်"ဇာတ်ကားနဲ့ ကိုနေတိုးကို ရစေချင်ပါတယ်။

**အဆိုတော် ဝင်းလဲ့သူ**

အခုနှစ်က မြန်မာ့ရုပ်ရှင်အဖွင့်သီချင်းမှာ ပါတာလေ။ အရင်နှစ်တွေက ပွဲတက်ပဲလေ။ အခုနှစ် အနုပညာရှင်ညီအစ်ကိုမောင်နှမတွေ စည်းစည်းလုံးလုံး ပါဝင်ခွင့်ရတဲ့အတွက် ညီမအရမ်းဝမ်းသာပါတယ်။ ဆုရမယ့် အနုပညာရှင် အစ်ကို၊ အစ်မတွေအတွက်လည်း ရင်ခုန်ပါတယ်။

**ဆုဝတီ (MRTV-4 သရုပ်ဆောင်)**

ပထမဦးဆုံးသီချင်းဆိုရတာပေါ့။ ရုပ်ရှင်လောကမှာ အကယ်ဒမီဆုဆိုတာ တခမ်းတနားပေါ့။ အကယ်ဒမီစင်မြင့်ပေါ်မှာ တစ်ထောင့်တစ်နေရာက ညီမ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာ့ရုပ်ရှင်အဖွင့်သီချင်းမှာ မြန်မာ့မြန်မာ့ရုပ်ရှင်" အဖွင့်သီချင်းမှာ ပါဖော့မန့်(စ်) ၁၀ တွဲပါပါတယ်"

ထိုင်းနိုင်ငံ Index Creative Village မှ ဖန်တီးထားသည့် တစ်မူထူးခြားသည့် အကယ်ဒမီဇာတ်ရုံစင်မြင့်ထက် အကယ်ဒမီဆုပေးအပ်ချီးမြှင့်တော့မည်ဖြစ်၍ ပြည်သူချစ်သည့် ရုပ်ရှင်အနုပညာရှင်များအား ဆုပေးပွဲအစီအစဉ်ကို မြန်မာရုပ်ရှင်ချစ်မြတ်နိုးသူ ပရိသတ်များ ရုပ်မြင်သံကြားဖန်သားပြင်မှ ယနေ့ ရင်ခုန်စွာစောင့်စားကြည့်ရှုခံစားနိုင်တော့မည်ဖြစ်သည်။

လုံခြုံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိများ၊ တပ်ဖွဲ့ဝင်များအပါအဝင် အင်အား စုစုပေါင်း ၂၀၀ ကျော် လုံခြုံရေးတာဝန်ချထားကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

❑


အကယ်ဒမီလူမင်း


ရသ


ကလေးသရုပ်ဆောင် ဟဲဗီးဖြိုး


ချောသီရိစံ


အဆိုတော် ဝင်းလဲ့သူ


ဆုဝတီ (MRTV-4 သရုပ်ဆောင်)

# နှစ် (၅၀) ခရီးဖြတ်သန်းလာခဲ့သည့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ ရွှေရတုအခမ်းအနား

စုစည်းတင်ပြသူ - သီသီမင်း
ဓာတ်ပုံ - စိမ်းခက်

၁၉၆၄ ခုနှစ်တွင် စတင်ခဲ့သော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)သည် ၂၀၁၄ ခုနှစ်တွင် နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီး ရွှေရတုတိုင်ခဲ့ပြီဖြစ်သည်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းမပေါ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်သည်။

နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့် ပတ်သက်၍ ပြုလုပ်မည့်အကြောင်းအရာများကို မေးမြန်းခဲ့ပါသည်။

**ပါမောက္ခချုပ် ဒေါက်တာသိန်းကြူ (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်)**

အခုပြုလုပ်တဲ့ အခမ်းအနားကတော့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရဲ့ ရွှေရတုအခမ်းအနားပဲ ဖြစ်ပါတယ်။ ၁၉၆၄ခုနှစ်မှာ စတင်ခဲ့တာဆိုတော့ အခုဆိုရင် နှစ်(၅၀)ပြည့်သွားပါပြီ။ နှစ်(၅၀)ပြည့်သွားတာကို ရွှေရတုအခမ်းအနားကျင်းပတာ ဖြစ်ပါတယ်။ဒီဇင်ဘာ (၂၆၊ ၂၇၊ ၂၈)သုံးရက်ကျင်းပမှာဖြစ်ပါတယ်။ ကျွန်တော်တို့တက္ကသိုလ်က ၁၉၆၄ ကနေ အခုချိန်ထိ ပညာရေးစနစ်တွေ တိုးတက်လာခဲ့တယ်။ အဆောက်အအုံတွေ တိုးတက်လာခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေရော၊ ဆရာ ဆရာမတွေရော၊ အရည်အသွေးပိုင်းအရရော။ အရေအတွက်ပိုင်းမှာပါ တိုးတက်လာတာတွေ့ရတယ်။ အဲဒီလိုတိုးလာတဲ့ သမိုင်းတစ်လျှောက်ကို အဟောင်းနဲ့အသစ် နှိုင်းယှဉ်ပြီးတော့ ဆရာတို့က သမိုင်းကြောင်းလေးတွေ ဖော်ထုတ်တယ်။ ပြုစုတယ်။ ဒီတက္ကသိုလ်ရဲ့အောင်မြင်လာမှုတွေကို အောင်ပွဲခံတဲ့အနေနဲ့ ရွှေရတုအခမ်းအနားကို လုပ်ဖြစ်တာပါ။ ဒီအခမ်းအနားလုပ်ဖို့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ပြင်ဆင်ခဲ့တာပါ။ ပြည်ပရောက်နေတဲ့ ကျောင်းသားတွေနဲ့ အခြားဆရာဝန်တွေအပြင် လက်ရှိ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ စုပေါင်းပြီးလုပ်ကြတာပါ။ ငွေရတုတုန်းက မလုပ်ဖြစ်ခဲ့ပါဘူး၊ အခု ရွှေရတု၊ နှစ်တစ်ရာစသဖြင့် ရှေ့ကိုချီတက်သွားမှာပါ။ ရှေးဆရာကြီးတွေ ဆုံးမခဲ့တဲ့အတိုင်း တပည့်တွေ ကြိုးစားသွားကြမယ်ဆိုရင် သွားဘက်ဆိုင်ရာ ဆေးပညာလည်းတိုးတက်လာမယ်။ ဒီလိုတိုးတက်လာတာနဲ့အမျှ ပြည်သူတွေကို မိမိတတ်ကျွမ်းတဲ့ ဆေးပညာနဲ့ အလုပ်အကျွေးပြုနိုင်မယ်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကနေမှ သွားဘက်ဆိုင်ရာပညာနဲ့ လူနာတွေ၊ ပြည်သူတွေကို အကျိုးပြုနိုင်မယ့် ဆရာဝန်များဖြစ်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ ချီတက်ကြမယ်ဆိုတာ ယုံကြည်ပါတယ်လို့ပြောချင်ပါတယ်။

**ဒေါက်တာမြတ်ညဏ် (ဖျော်ဖြေရေးနှင့် ကျောင်းသားများပျော်ပွဲရွှင်ပွဲကော်မတီ)**

ဒီအခမ်းအနားမှာပျော်ပွဲရွှင်ပွဲတွေ၊ တေးသီချင်းဆိုပွဲတွေပါဝင်မှာပါ။ ပြုံးအလှဧကရီပြိုင်ပွဲလည်း ပါဝင်ပါတယ်။ ပြုံးအလှဧကရီပြိုင်ပွဲက ဒီမှာက သွားဆရာဝန်တွေမွေးထုတ်ပေးတယ်၊လူတွေ လှလှပပ ပြုံးနိုင်ရယ်နိုင်ဖို့ဆိုတာ သွားလေးတွေကောင်းမှ လှမှာ၊ ဒီလို လူတွေလှလှပပပြုံးနိုင်အောင် ကုသပေးရတဲ့ ဆရာဝန်တွေအနေနဲ့ ပိုပြီးတော့သိလာအောင် နားလည်လာအောင် ရည်ရွယ်ပြီး


ပါမောက္ခချုပ် ဒေါက်တာ သိန်းကြူ


ဒေါက်တာ မြတ်ညဏ်


ဒေါက်တာ နောင်ဇော်လတ်


ဒေါက်တာ ကျော်ထွေး

ကျင်းပဖြစ်တာပါ။ နောက်ပြီး ပြဇာတ်တွေပါမယ်၊ အငြိမ့်တွေပါမယ်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်က လွန်ခဲ့တဲ့နှစ် ၃၀ ကတည်းက တက္ကသိုလ်အငြိမ့်ကဖြစ်ခဲ့တာ။ ကိုဇာဂနာတို့နဲ့လေ။ အားလုံးလည်းသိကြပါတယ်။ မြန်မာ့ရိုးရာအကတွေ၊ ပုဂံအကတွေ၊ ပြောအကတွေ၊ ပခန်းအက၊ ဗွေးတုတ်အကတို့နောက်ပြီး တိုင်းရင်းသားအကတွေလည်း ပါဝင်မှာပါ။ ရွှေရတု နှစ်(၅၀)ကိုကျင်းပတဲ့အတွက် ဟိုတုန်းက ကျွန်တော်တို့ ဆရာကြီး ဆရာမကြီးတွေ၊ သူငယ်ချင်းဟောင်းတွေပြန်တွေ့ခွင့်ရတယ်။ သူတို့တွေနဲ့လည်းပြန်ဆုံရတယ်။ အခုလို အားလုံးပြန်ပေါင်းစည်းခွင့်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

**ဒေါက်တာနောင်ဇော်လတ်(ဂျူနီယာ အလုပ်သင်ဆရာဝန်)**

ကျွန်တော်က အခုလို ကြုံတောင့်ကြုံခဲ ရွှေရတု နှစ်(၅၀)မှာ အစီအစဉ်တင်ဆက်သူအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းပဲဝမ်းသာပါတယ်။ တခြားပျော်စရာအစီအစဉ်တွေအပြင် ဒီအခမ်းအနားမှာ "ဒန္တိနှင်းဆီအငြိမ့်" နဲ့ "နတ်မင်း ကြီးများမကယ်နိုင်ပေါင်" ပြဇာတ်တို့လည်း ထူးထူးခြားခြားပါဝင်မှာပါ။ ကျွန်တော့်အနေနဲ့ ဒီဆေးရုံမှာ လာမယ့် ၁ ရက်နေ့မှာ လုပ်ငန်းခွင်ဝင်ရောက်ပြီး တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကြီးက အခု အနှစ်(၅၀)ရွှေရတုကနေ နောင်နှစ်ကျင်းပမယ့် ပွဲတွေမှာလည်း ပါဝင်ခွင့်ရရင် အမြဲပါဝင်ချင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာကျော်ထွေး (ကထိက၊ သွားတုပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)**

ကျွန်တော်က မော်ကွန်းတိုက်ကော်မတီမှာ ဆောင်ရွက်ရတယ်။ အတွင်းရေးမှူးအဖြစ်ပါ။ ဒီမော်ကွန်းတိုက်ပြခန်းမှာပြဖို့ မှတ်တမ်းတွေ၊ ဓာတ်ပုံတွေကို တတ်နိုင်သမျှ စုဆောင်းရတယ်။ ဓာတ်ပုံတွေကို ကဏ္ဍခွဲပြီးပြသထားတာပေါ့၊ အဓိကကတော့ နှစ်(၅၀)မတိုင်ခင်ထိ ဒီကျောင်းကြီးမှာ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ဆရာဝန်ကြီးတွေ၊ ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေ၊ မော်ကွန်းထိန်းတွေစတဲ့ မော်ကွန်းဝင်လောက်တဲ့ပုဂ္ဂိုလ်တွေရဲ့ လှုပ်ရှားမှုမှတ်တမ်းတွေ၊ ဓာတ်ပုံတွေကို ပြခန်းမှာရွေးချယ်ပြီးပြထားပါတယ်။ ကျွန်တော်တို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံခြားပညာရှင်ကြီးတွေကိုလည်း ဖိတ်ထားပါတယ်။ သူတို့လည်း လာကြဖို့ရှိပါတယ်။ ဒီကိုလာပြီး ပညာသင်ပေးခဲ့ဖူးတဲ့ နိုင်ငံတကာက ဆေးပညာရှင်ကြီးတွေရဲ့ ပုံတွေကိုလည်း ပြသထားပါတယ်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကျောင်းတက်ပြီးတော့ နိုင်ငံတော်အဆင့် ထူးချွန်ဆုရရှိခဲ့တဲ့ ဆရာဝန်ကြီးတွေ၊ အခုလက်ရှိ နိုင်ငံတော်မှာတာဝန်ထမ်းဆောင်နေတဲ့ အထင်ကရပုဂ္ဂိုလ်ကြီးတွေ၊ လူမှုထူးချွန်ဆုရတဲ့သူတွေ၊ အနုပညာရှင်တွေ၊ အားကစားသမားတွေရဲ့ ဂုဏ်ပြုဓာတ်ပုံတွေအပြင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှာရှိတဲ့ ဌာန ၁၁ ခုမှ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နဲ့ ပတ်သက်တဲ့ ပြခန်းပေါင်း ၂၈ ခန်း ပြသထားမှာဖြစ်ပါတယ်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၏ ရွှေရတု နှစ် (၅၀)ပြည့် အထိမ်းအမှတ်တွင် ရွှေရတုခန်းမနှစ်ထပ် ကျောင်းဆောင် အုတ်မြစ်ချမင်္ဂလာကျင်းပခဲ့ပြီး ၁၉၆၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကို ဦးဆောင်တည်ထောင်ခဲ့သည့် ပါမောက္ခချုပ် ဦးအောင်သန်း၏ ပုံတူကိုယ်တစ်ပိုင်းပုံ ကြေးရုပ်တုနှင့် မုခ်ဦးဖွင့်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံခြားပြန်ဆရာဝန်ကြီးများ၊ ပါမောက္ခများနှင့် ပြည်ပနိုင်ငံများမှ ပါမောက္ခများက ဆေးပညာနှီးနှောဖလှယ်ပွဲ၊ ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာပရိသတ်များ အားပေးမည့်သူ


သျှားထွဋ်အိန္ဒြာ

၂၀၁၃ ခုနှစ်ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသော Miss Universe ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ အလှမယ် မိုးစက်ဝိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် ယခုနှစ် အမေရိကန်နိုင်ငံတွင် ပြုလုပ်မည့် Miss Universe ပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရွေးချယ်ခဲ့ရာ သျှားထွဋ်အိန္ဒြာ ရွေးချယ်ခြင်းခံရသည်။ သူမ၏ အမည်ရင်းမှာ နန္ဒာကျော်သိန်း ဖြစ်သည်။

"ညီမ ပြိုင်ပွဲအတွက် အချိန်ဇယားနဲ့ သေချာလေ့ကျင့်နေပါတယ်"ဟု သျှားက ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုကို ပြောပြသည်။

အမေရိကန်နိုင်ငံတွင်ပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံမှ ဒီဇင်ဘာ ၂၉ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး လေ့ကျင့်မှုများကို အချိန်ဇယားဖြင့် ဆက်တိုက်ပြုလုပ်နေကြောင်း၊ နံနက်ပိုင်းတွင် အင်္ဂလိပ်စကားပြောလေ့ကျင့်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှုအတွက်ကစားခြင်း စသည့် လေ့ကျင့်မှုများ ပြုလုပ်နေကြောင်း၊ ဘုရားဝေယျာဝစ္စ ပြုလုပ်ခြင်းကိုလည်း မပျက်မကွက် လုပ်ဆောင်ကြောင်း၊ နေ့လယ်ပိုင်းမှာတော့ အထွေအထွေ ဗဟုသုတတွေ လေ့လာနေပါကြောင်း သျှားက သူမ၏ နေ့လယ်ပိုင်း လေ့ကျင့်မှုအစီအစဉ်ကိုလည်း ပြောသည်။

အထွေထွေဗဟုသုတအနေဖြင့် မြန်မာနိုင်ငံအကြောင်း အဓိကလေ့လာလျက်ရှိပြီး မြန်မာ့ယဉ်ကျေးမှု ထွန်းကားလာခဲ့ပုံ၊ ယခုချိန်အထိ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ရိုးရာမပျက်ထိန်းသိမ်းလာခဲ့သော ရိုးရာယဉ်ကျေးမှုများအကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်သည့်အကြောင်းနှင့် ရိုးရာဝတ်စုံများအကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြောင်း၊ တန်ခိုးကြီးဘုရားများအကြောင်းကို ပြိုင်ပွဲတွင် ပြောပြလိုကြောင်း၊ သို့မှသာ မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားလူမျိုးများအကြောင်း ကမ္ဘာကပိုသိလာမည်ဟု သျှားက အသေးစိတ် စိတ်ပါလက်ပါ ရှင်းပြသည်။

"မြန်မာအကတွေ လေ့ကျင့်နေပါတယ်၊ ဘယ်အကကမယ်ဆိုတာတော့ မပြောချင်သေးဘူး"ဟုအကလေ့ကျင့်မှုနှင့်ပတ်သက်ပြီး ပရိသတ်များအံ့သြသွားအောင် လုပ်ဆောင်ပြလိုပါသည်ဟု ပြောသည်။

Miss Universe ပြိုင်ပွဲကြီးတွင် ရိုးရာအနုပညာဖြင့် ပုံဖော်ပြသရမည်ဖြစ်ပြီး တိုင်းရင်းသားအကမျိုးနှင့် တစ်ကွက်အကများလေ့ကျင့်နေသည်ဟု ဆိုပါသည်။ ပြိုင်ပွဲတွင် ဝတ်ဆင်မည့် ပုံစံကို ဒီဇိုင်နာ မပုံ့က ဖန်တီးပေးမည်ဖြစ်ပြီး၊ ညနေခင်းဝတ်စုံကို ဒီဇိုင်နာ ကိုပြည်စိုးအောင်နှင့် စခန်းသွင်းလေ့ကျင့်ချိန်များတွင် ဝတ်ဆင်ပြမည့် ဝတ်စုံများကို ဒီဇိုင်နာငြိမ်းကိုတို့က အစစအရာရာ ပြင်ဆင်ပေးသည်ဟု ဆိုသည်။

သျှားမှာ မကြာသေးမီကလည်း ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခဲ့သေးသည်။ ဖိလစ်ပိုင်နိုင်ငံဆိုသည်မှာ အရည်အချင်းနှင့်ပြည့်စုံသော အလှမယ်များစွာ မွေးထုတ်ရာနိုင်ငံလည်း ဖြစ်သည်။ သျှားကိုလေ့ကျင့်ပေးသော နည်းပြများမှာ လွန်စွာစည်းစနစ်ကျသည်။ ဖိလစ်ပိုင်သို့ မရောက်ခင်က လေ့ကျင့်ပေးမည့် နည်းပြများမှာ အသက်ကြီးသော အရွယ်များဖြစ်မည်ဟု ထင်ခဲ့သော်လည်း လက်တွေ့တွင်မူ သျှားထင်သလို လူကြီးများ မဟုတ်ဘဲ လူငယ်များသာဖြစ်ပြီး အထင်နှင့်အမြင်လွဲခဲ့သည်။

"ဖိလစ်ပိုင်နည်းပြတွေက အလွန်တော်တယ်၊ ပြီးတော့ လူငယ်တွေဖြစ်နေတယ်"ဟု သူမကိုလေ့ကျင့်ပေးသော နည်းပြများအကြောင်း ချီးမွမ်းခန်းဖွင့်သည်။

အလှမယ်တော်တော်များများ ဖြေဆိုရန်ကြောက်ကြသော မေးခွန်းဖြေဆိုပုံအပိုင်းကိုလည်း ဖိလစ်ပိုင်နည်းပြက စနစ်တကျသင်ပေးသည်။ "ဖြစ်နိုင်ရင် နောက်တစ်ခေါက်တောင် သွားပြီးလေ့ကျင့်ချင်သေးတယ်"ဟု သျှားက ပညာတွေရသလောက် ထပ်ပြီးသင်ချင်ကြောင်း ဆိုသည်။

မြန်မာနိုင်ငံတွင် ပြိုင်ပွဲဝင်ခဲ့ခြင်းက သျှားအတွက် ကံကောင်းခြင်းတွေ ဖြစ်လာခဲ့သည်။ ညီအစ်မအရင်းအချာကဲ့သို့ ခင်မင်ခဲ့ရသော သူငယ်ချင်းများစွာရခဲ့သည်။ သူမအတွက် အရာရာတိုင်းဟာပထမဆုံး ဖြစ်ခဲ့သည်။ မိသားစုနှင့်လွဲပြီး တခြားသူများနှင့် ခရီးအတူမသွားဖူးသော သျှားအတွက် ပထမဆုံးခရီးများဖြစ်ခဲ့သလို ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သော ခရီးစဉ်မှာသူမအတွက် ပထမဆုံးနိုင်ငံရပ်ခြားခရီးတစ်ခုဖြစ်ခဲ့သည်။ ဘယ်နေရာရောက်ရောက် Miss Universe Myanmar အလှမယ်လေးများကို ဂရုတစိုက်ဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်မှာ သျှားအတွက် ပီတိတစ်ခု ဖြစ်ခဲ့သည်။

သျှားက "ပြိုင်ပွဲကြီးပြီးသွားရင် နိုင်ငံအတွက် အကျိုးပြုတဲ့ Miss တစ်ယောက်ဖြစ်အောင် ညီမကြိုးစားမယ်"ဟု သူမ၏ ရှေ့ဆက်လုပ်ဆောင်မည့် ရည်မှန်းချက်အား ရှင်းပြသည်။

သျှားက မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ခဲ့သော Miss များနှင့်ပတ်သက်၍ "မနန်းခင်ဇေယျာ ပြိုင်တုန်းကဆိုရင် အသည်းအသန်ကို Vote လုပ်ရတာ" ဟု ဆိုသည်။ ပြည်ပမှ Miss Universe ၂၀၁၁၊ ၂၀၁၂နှင့် ၂၀၁၃ အားလုံးကို သျှားအတုယူအားကျသည်။ ပြည်တွင်းမှလည်း သူမ၏ စီနီယာအစ်မဖြစ်သော မိုးစက်ဝိုင်ကို အတုယူလေးစားသည်။

သျှားက အမေရိကန်နိုင်ငံတွင် ကျင်းပမည့် ပြိုင်ပွဲနှင့်ပတ်သက်၍ "ကံ ဉာဏ် ဝီရိယကို အသုံးချပြီး အရိုးသားဆုံးယှဉ်ပြိုင်သွားမှာပါ"ဟု ဆိုသည်။

သျှားမှာ သူမ၏ပရိသတ်အတွက် အားပေးရကျိုးနပ်အောင် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်မှုများ ပြုလုပ်နေသည်။ အမေရိကန်မှာ မြန်မာကို ကမ္ဘာက သိအောင်လုပ်ဆောင်ရန်လည်းဆန္ဒပြင်းပြနေသည်။ ပရိသတ်များ အနေဖြင့်လည်း သူမကို အားပေးရန် မေတ္တာရပ်ခံခဲ့သည်။ မနှစ်က မိုးစက်ဝိုင်ကို Vote ပေးပြီး အားပေးခဲ့သလို ဒီနှစ်လည်း သူမကို အားပေးရန် လိုလားနေသည်။ အဘယ်ကြောင့်ဆိုသော် "Vote လုပ်တဲ့နေရာမှာ ထိပ်ဆုံးက အများဆုံးနေရာကိုလိုချင်တယ်၊ ဘာလို့လဲ ဆိုတော့ ငါတို့မြန်မာပရိတ်သတ်တွေ ဘယ်လောက်အားပေးနေတယ်ဆိုတာ တခြားသူတွေကို သိစေချင်လို့ပါ"ဟု ပြောသည်။

**N Z A. မင်းလှ**



# ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်အား ဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)က ချီးမြှင့်သော ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိသူ ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ)နာယက ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်အနုပညာ အထက်တန်းကျောင်း (ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း)၌ ကျင်းပရာ ဆရာကြီး၏ မိသားစုဝင်ပန်းချီဆရာမကြီး လွန်းမြမြ၊ ပန်းချီလွန်းသစ်၊ ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ) နာယကအဖွဲ့ဝင် ပန်းချီဆရာကြီး ဦးမြဟန်၊ ပန်းချီဆရာကြီး စတားဦးမြသန်း၊ ပန်းချီဆရာကြီး ဦးမောင်မောင်သိန်း(ပုသိမ်)နှင့် ရန်ကုန်မြို့ပေါ်ရှိ ပန်းချီဆရာ ဆရာမများ၊ ရန်ကုန်ပန်းချီ၊ ပန်းပု ကျောင်းအုပ်ကြီး ဦးအောင်စည်သူလှိုင်နှင့် နည်းပြဆရာများ ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲအခမ်းအနားကို 'တင့်' အလင်္ကာမြန်မာမှုတေးဂီတအဖွဲ့မှ အဆိုတော်ခိုင်ဟေမာ၊ မအူပင်ဆွေမြင့်တို့က ပတ္တလား တက္ကသိုလ် တင်မောင်ဝင်းနှင့်အတူ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်) ဖွဲ့နွဲ့သီကုံးသည့် "ပြည်တန်တဲ့ပန်းချီဆရာ" တေးသီချင်းကို အဆိုတော် မအူပင်ဆွေမြင့်က ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပန်းချီဆရာကြီး ဦးမောင်မောင်သိန်း (ပုသိမ်)၊ ဒါရိုက်တာ ပန်းချီစိုးမိုး၊ ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ) ဥက္ကဋ္ဌ ဦးသန့်စင် (ပန်းချီလှတင်ထွန်း)တို့က ပါရဂူဘွဲ့ရ ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်အား ဂုဏ်ပြုဂါရဝစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပန်းချီဝင်းမြင့်မိုး ဂုဏ်ပြုရေးဆွဲသော ၃ ပေ× ၄ ပေ အရွယ် ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်၏ ပုံတူ ဆီဆေးပန်းချီကားကြီးကို ဆရာကြီး ဒေါက်တာလွန်းကြွယ်ထံသို့ ဂါရဝလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။**(ကြေးမုံ)**

# မိတ္ထီလာ ညောင်ကိုင်းကျေးရွာမှ အဘွားဒေါ်မြရှင် ၂၀၁၅ လွတ်လပ်ရေးနေ့၌ အသက် (၁၀၂) နှစ်ပြည့်မည်

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ညောင်ကိုင်းကျေးရွာတွင်နေထိုင်သူ အဘွားဒေါ်မြရှင်သည် မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ် ပြာသိုလပြည့်နေ့တွင်မွေးဖွားခဲ့ပြီး (၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ) မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ပြာသိုလပြည့်နေ့တွင် အသက် (၁၀၂) နှစ် ပြည့်မည်ဖြစ်ကြောင်းသိရသည်။

အသက် (၁၀၂) နှစ်ပြည့်တော့မည်ဖြစ်သော်လည်း အဘွားဒေါ်မြရှင်၏ စက္ခုအမြင်အာရုံနှင့် သောတအကြားအာရုံများ ကောင်းမွန်လျက်ရှိတုန်းပင်ဖြစ်သည်။ထို့အပြင် စကားပြောရာတွင် အသံများတုန်ယင်ခြင်းမရှိ ပြောဆိုနိုင်သေးသည်။ အဘွား ဒေါ်မြရှင်ကို ညောင်ကိုင်းကျေးရွာနေ အဘဦးပေါက်၊ အမိ ဒေါ်ပြန့်တို့မှ မွေးဖွားခဲ့ပြီး သားလေးဦး သမီးသုံးဦးမွေးချင်းများတွင် အဘွား ဒေါ်မြရှင်သည် လေးဦးမြောက်မွေးချင်းဖြစ်သည်။မိဘဘိုးဘွားများနှင့် အခြားမွေးချင်းများသည် တောင်ယာလုပ်ငန်းကို လုပ်ကိုင်ရသော်လည်း အဘွားဒေါ်မြရှင်မှာမူ ငယ်စဉ်က ပင်ပန်းဆင်းရဲသောအလုပ်များကို လုပ်ကိုင်ရခြင်း မရှိကြောင်းသိရသည်။ အဘွားဒေါ်မြရှင်သည် တစ်ရွာတည်းနေ ဦးအေးမောင်နှင့် အိမ်ထောင်ကျခဲ့ပြီး သား၅ ဦး ၊ သမီးတစ်ဦး မွေးဖွားခဲ့သည်။ ယခုအခါ မြေး ၁၃ ဦး ၊ မြစ် ၁၀ ဦး တို့၏ အဘွားဖြစ်နေပြီး လာမည့် ၂၀၁၅ ခုနှစ်ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့ )၌ အသက် (၁၀၂) ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးရွာနေဒေသခံများအား တရားဓမ္မအလှူအဖြစ် တရားပွဲကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

လွန်ခဲ့သည့် လေးငါးနှစ်မှ စတင်ပြီး မွေးနေ့များ၌ တရားပွဲများ ကျင်းပပြုလုပ်ကြောင်းသိရသည်။ လွန်ခဲ့သည့်တစ်နှစ်ခန့်က သက်ဆိုင်ရာဌာနတာဝန်ရှိသူများမှ အသက် (၁၀၀) ကျော်အဘိုးအဘွားများ၏ စာရင်းအမည်အတွက် အဘွားဒေါ်မြရှင်၏ အမည်စာရင်းကို လာရောက်ကောက်ယူကြောင်းလည်း အဘွားအား အနီးကပ်ပြုစုနေသူထံမှ သိရသည်။

**ချမ်းသာ (မိတ္ထီလာ )**



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ဟားခါး ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် ဟားခါးမြို့နယ်ဦးစီးဌာနမှူး ဦးလှဝင်းမောင် ဦးဆောင်သော ဝန်ထမ်းများသည် မိုးပွင့် (၇) စီမံချက်အရ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ခြင်းနှင့် အိမ်ထောင်စုဇယားများ ထုတ်ပေးခြင်းတို့ကို ဒီဇင်ဘာ ၁ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဆတ္တားအုပ်စုတွင် နိုင်ငံသား ၆၆ ဦး၊ ချွန်ကျုံးအုပ်တွင် ၅၅ ဦး၊ ဇိုခွားအုပ်စုတွင် ၂၈ ဦး၊ မာလ်ဆောမ်အုပ်စုတွင် ၆၁ ဦး၊ ရွှန်အုပ်စုတွင် ၂၁ ဦး၊ သီနမ်းအုပ်စုတွင် ၂၇ ဦး၊ ဘွန်လုံးအုပ်စုတွင် ၂၈ ဦး၊ ဇာထာလ်အုပ်စုတွင် ၁၉ ဦး၊ ရင်ပီးအုပ်စုတွင် ၃၇ ဦး၊ စုစုပေါင်း ကျား ၁၆၇ ဦး၊ မ ၁၇၅ ဦး ပေါင်း ၃၄၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ယင်းနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးရှိန်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်ပွမ်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများသို့ နိုင်ငံသားကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကောင်းနန္ဒကျော်(တမူး)**

# ပရီမီယာလိဂ်ရင်ခုန်သံ-၁၉

Boxing Day ပွဲစဉ်အပြီး ကြားတစ်ရက်သာခြားကာ ပွဲစဉ်(၁၉) ကိုကျင်းပသွားမှာဖြစ်လို့ အသင်းတွေ ပွဲပန်းနေနိုင်ပြီး အရန်အင်အားမတောင့်တင်းတဲ့အသင်းတွေ ရလဒ်ကောင်းဖို့ ရုန်းကန်ရနိုင်တာသတိပြုရမယ်။ ဒီဇင်ဘာ ၂၈၊ ၃၀ ရက်တို့မှာ ကစားမယ့် အဆိုပါပွဲစဉ်(၁၉)မှာတော့ စပါးနဲ့မန်ယူ၊ ဝက်စ်ဟမ်းနဲ့ အာဆင်နယ်တို့ဆုံတဲ့ ပွဲကောင်းတွေ ပါဝင်နေတာလည်း တွေ့ရတယ်။

**စပါး-မန်ယူ** ည ၆း၃၀ (၂၈-၁၂-၂၀၁၄)

ဒဏ်ရာရကစားသမားတွေများနေတဲ့ မန်ယူအနေနဲ့ နှစ်ပွဲဆက်ကစားရမှုအနေအထားမှာ ပွဲပန်းမှုကိုခံရနိုင်တယ်။ စပါးက ကစားပုံမဆိုးသလို အမှတ်လိုနေပြီး အိမ်ကွင်းမှာ အမှားလည်းခံမှာမဟုတ်ဘူး။ မန်ယူက အဝေးကွင်းပွဲစဉ်တွေမှာလည်း စိတ်မချရတာကြောင့် ဒီပွဲမှာ မန်ယူတို့ သရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိတယ်။

**ဆောက်သမ်တန်-ချယ်လ်ဆီး** ည ၈း၁၅(၂၈-၁၂-၂၀၁၄)

အဲဗာတန်ကိုနိုင်ခဲ့တဲ့ပွဲမှာ ဆောက်သမ်တန်ကစားပုံ ကောင်းမွန်ပေမယ့် အရန်အင်အားမတောင့်တင်းမှုကြောင့် နှစ်ပွဲဆက်တိုက်ကစားရတဲ့အချိန်မှာ ပွဲပန်းမှုကိုခံရမှာသေချာတယ်။ ချယ်လ်ဆီးကတော့ ကစားသမားအင်အားတောင့်တင်းသလို အမှားခံမှာလည်းမဟုတ်ဘူး။ ချယ်လ်ဆီးပဲ ကပ်ပြီးနိုင်ပွဲရသွားဖို့ရှိပါတယ်။

**ဗီလာ-ဆန်းဒါးလန်း** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

ဆန်းဒါးလန်းက လက်ရှိအချိန်မှာ ကစားပုံမဆိုးဘူးဆိုပေမယ့် အဝေးကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ ရုန်းကန်ရတတ်တာ သတိပြုရမယ်။ ဗီလာက မန်ယူကိုသရေကစားခဲ့တဲ့ပွဲအပါအဝင် ဒီဇင်ဘာပွဲကျပ်ကာလအတွင်း ကစားပုံတည်ငြိမ်မှုရှိနေတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဆန်းဒါးလန်းတို့ သရေလောက်ပဲအမြင့်ဆုံးရမယ်။

**ဟားလ်စီးတီး-လက်စတာ** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

တန်းဆင်းဇုန်ထဲကနှစ်သင်းဆုံတဲ့ပွဲဖြစ်လို့ အကြိတ်အနယ်ရှိမှာသေချာတယ်။ ဒါပေမယ့် လက်ရှိကစားပုံအရတော့ ဟားလ်ကသာတယ်။ အထူးသဖြင့် လက်စတာဟာ အဝေးကွင်းခြေတည်ငြိမ်မှုမရှိသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းတာကြောင့် အိမ်ကွင်းအားနဲ့ဖိအားပေးမယ့် ဟားလ်စီးတီးပဲ ကပ်နိုင်သွားမယ်။

**မန်စီးတီး-ဘန်လေ** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

ဘန်လေရဲ့ခံကစားအားက အခုနောက်ပိုင်းမဆိုးဘူးဆိုပေမယ့် မန်စီးတီးကို တုံ့ပြန်နိုင်ဖို့တော့ ခက်ခဲမှာပါ။ မန်စီးတီးက ကစားပုံတည်ငြိမ်မှုရှိသလို ထိုးဖောက်အားလည်းကောင်းနေပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးကို ဖိအားပေးနိုင်ဖို့ အိမ်ကွင်းမှာအမှားခံမှာမဟုတ်တာသေချာတယ်။ မန်စီးတီးပဲ နိုင်ပွဲရမယ်။

**ကျူပီအာ-ပဲလေ့စ်** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

ပရီမီယာလိဂ်မှာ အိမ်ကွင်းနောက်ဆုံးပွဲ ငါးပွဲဆက်အရှုံးမရှိခဲ့သလို မန်စီးတီးကိုတောင်သရေကစားကာ ကျန်လေးပွဲအနိုင်ရခဲ့တဲ့ ကျူပီအာရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကိုလျှော့တွက်ဖို့ခက်တယ်။ တိုက်စစ်ကလည်း အိမ်ကွင်းမှာ ဂိုးပိုမိုရတတ်လို့ ပဲလေ့စ် ကစားပုံမဆိုးဘူးဆိုပေမယ့် ကျူပီအာပဲ နိုင်ပွဲရသွားဖို့ရှိတယ်။

**စတုတ်-ဝက်စ်ဘရွန်း** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

ဝက်စ်ဘရွန်းက အခုနောက်ပိုင်းမှာ ခံစစ်ပိုင်းလိုအပ်ချက်တွေနဲ့အတူ ရလဒ်တွေမတည်ငြိမ်ဘူး။ ဒါကြောင့် အိမ်ကွင်းမာကျောပြီး တိုက်စစ်က ဂိုးသွင်းခြေရှိတဲ့ စတုတ်ကို ဟန့်ထားဖို့ခက်မယ်။ ဒါပေမယ့် ဝက်စ်ဘရွန်း တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိသလို အမှတ်လည်းလိုနေတာကြောင့် စတုတ်ဆီက အမှတ်ခွဲယူသွားနိုင်တယ်။

**ဝက်စ်ဟမ်း - အာဆင်နယ်** ည ၉း၃၀(၂၈-၁၂-၂၀၁၄)

ဒဏ်ရာပြဿနာတွေကြောင့် အာဆင်နယ်အနေနဲ့ ပွဲဆက်နှစ်ပွဲမှာ ပွဲပန်းမှုရှိလာနိုင်တယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလည်း လက်ရှိခြေစွမ်းပိုမိုတည်ငြိမ်မှုရှိပေမယ့် အရန်အင်အားနည်းပါးလို့ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်လာရနိုင်တယ်။ ဒါကြောင့် အာဆင်နယ်တို့ ဂရုတစိုက်ကစားမယ်ဆိုရင် ကပ်ပြီးအနိုင်ရသွားနိုင်တယ်။

**ကာဆယ်-အဲဗာတန်** ည ၁၀း၄၅(၂၈-၁၂-၂၀၁၄)

မန်ယူနဲ့ Boxing Day ပွဲကစားခဲ့ရတဲ့ နယူးကာဆယ်အနေနဲ့ ပွဲပန်းမှုရှိနေနိုင်တယ်။ နယူးကာဆယ်ဟာ ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် အဲဗာတန်ကလည်း အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာရင် နယူးကာဆယ်တို့ အခက်တွေ့သွားနိုင်တယ်။ နယူးကာဆယ် သရေလောက်ပဲရမယ်။

**လီဗာပူး-ဆွမ်ဆီး** နံနက် ၂း၃၀(၃၀-၁၂-၂၀၁၄)

လီဗာပူးက အခုအချိန်ထိ တိုက်စစ်ပိုင်းအားနည်းမှုကို မပြုပြင်နိုင်သေးဘူး။ တိုက်စစ်မှူးတွေ အဆုံးသတ် မသေချာလို့ ဂိုးရဖို့ကွင်းလယ်ကစားသမားတွေအပေါ်မှာ မှီခိုနေရကာ ဂိုးရဖို့ ရုန်းကန်နေရတယ်။ ဆွမ်ဆီးကလည်း အသင်းလိုက် ကစားပုံ အားကောင်းတာကြောင့် လီဗာပူးနိုင်မယ်ဆိုရင်တောင် ပြတ်သားဖို့ခက်မယ်။

**ရှိုင်းမင်းမင်း**

# မြန်မာ-ဂျပန် သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်ချစ်ကြည်ရေးဘေ့(စ်)ဘောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာ-ဂျပန်သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေးဘေ့(စ်)ဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ မြန်မာနိုင်ငံဘေ့(စ်)ဘော လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘေ့(စ်)ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်းနှင့် ဂျပန်(တိုကျို) အထက်တန်းကျောင်းမှ Supervisor of Delegation Mr. Katsuji Takei တို့ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးက ဘေ့(စ်)ဘောအား တုတ်တံဖြင့် ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး မြန်မာ-ဂျပန် နှစ်ဖက်အသင်းတို့ ယှဉ်ပြိုင်မှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**



# အသင်းဟောင်းအက်သလက်တီကိုတွင် တောရက်စ် ပြန်ကစားမည်

ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒို တောရက်စ်သည် စပိန်မြေမှ အသင်းဟောင်း အက်သလက်တီကိုမက်ဒရစ် အသင်းတွင် ပြန်လည်ကစားမည်ဖြစ်ကြောင်း သိရသည်။

စပိန်တိုက်စစ်မှူး တောရက်စ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စတမ်းဖို့ဒ်ဘရစ်ချ်မှ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသို့ နှစ်နှစ်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

တောရက်စ်သည် အသင်းဟောင်း အက်သလက်တီကိုမက်ဒရစ် အသင်းသို့ ပြောင်းရွှေ့လိမ့်မည်ဟုလည်း စပိန်ဘောလုံးရေးရာ ခန့်မှန်းသူ ဂွါလမ်ဘဲလေ့ဂ်က ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော် ပြောကြားလိုက်သည်။ လက်ရှိတွင် ချယ်လ်ဆီး၊ အက်သလက်တီကိုမက်ဒရစ်နှင့် အေစီမီလန်တို့သည် တိုက်စစ်မှူးတောရက်စ်အား အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်လည်ရောင်းချရေးနှင့် စပ်လျဉ်း၍ သဘောတူညီမှုရရှိထားကြောင်းလည်း သိရသည်။

အက်သလက်တီကိုမက်ဒရစ် အသင်းနည်းပြ ဆီမြုဝမ်းကလည်း တောရက်စ်အား အသင်းဟောင်းသို့ ပြန်လာရေးနှင့် ပတ်သက်၍ လွန်ခဲ့သည့်ရက်သတ္တသုံးပတ်က တောင်းဆိုထားခဲ့ကြောင်းလည်း သိရသည်။ တောရက်စ်သည် ၂၀၁၁ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယင်းအချိန်က အင်္ဂလန်ကလပ်အသင်းနှစ်သင်းအတွက် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။

တိုက်စစ်မှူး တောရက်စ်သည် လီဗာပူးအသင်းတွင် ၁၄၂ ပွဲကစားခဲ့ရာ ၈၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအသင်းတွင် ၁၇၂ ပွဲကစားခဲ့ရာ ၄၅ ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းက တိုက်စစ်မှူးတောရက်စ်အား အေစီမီလန်သို့ အငှားချထားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း တောရက်စ်အား အသင်းဟောင်းအက်သလက်တီကို မက်ဒရစ်သို့ ရောင်းချရန် သဘောတူညီထားခဲ့ခြင်းသည် မော်ရင်ဟို၏ ဦးစားပေးကစားသမားစာရင်းတွင် တောရက်စ်အား ချန်လှပ်ထားခဲ့ခြင်းမှာ အလွန်သိသာလွန်းနေပြီး အက်သလက်တီကိုမက်ဒရစ်အသင်းသို့ တောရက်စ်ပြန်လည်ရောက်ရှိပါက တောရက်စ်အတွက် ခြေစွမ်းပုံမှန်ပြန်လည်ရရှိလာမည့်အပြင် အက်သလက်တီကိုမက်ဒရစ်အတွက်လည်း ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။

**(နိုင်လင်းကြည်)**



# အန်ဆယ်လော့တီမှာ ကမ္ဘာ့အကောင်းဆုံး နည်းပြဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြကားလို့အန်ဆယ်လော့တီသည် ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦး ဖြစ်ကြောင်းနှင့် လူးဝစ်ဟင်နရီကေးသည်လည်း ဘာစီလိုနာအသင်းကို တောင့်တင်းခိုင်မာသည်ထက်ခိုင်မာအောင် စွမ်းဆောင်ပေးနိုင်မည့် နည်းပြတစ်ဦးဖြစ်ကြောင်း အီတလီလက်ရွေးစင်ဟောင်းတစ်ဦးဖြစ်သူ ဖရန်ကိုတန်ခရီဒီက ပြောကြားလိုက်သည်။

နည်းပြအန်ဆယ်လော့တီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တက်လှမ်းလာခဲ့သည့် နည်းပြများအနက် ၎င်း၏ နည်းပြဘဝတွင် ချန်ပီယံလိဂ်ဖလားသုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည့်နည်းပြတစ်ဦး အဖြစ်လည်း စံချိန်တင်ခဲ့သူဖြစ်သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းကို ၂၀၁၄ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ဥရောပစူပါဖလားနှင့် ကလပ်အသင်းများကမ္ဘာ့ဖလားတို့ကို ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ တစ်နှစ်တည်းဖလားလေးလုံးအထိ ဆွတ်ခူးပေးနိုင်ခဲ့သည်။

"လက်ရှိအနေအထားအရကတော့ အန်ဆယ်လော့တီဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြလို့ ဆိုရမှာပါ။ ဘာလို့လဲဆိုရင် ရီးယဲလ်မက်ဒရစ်မှာ အကောင်းဆုံးကစားသမားနှစ်ဦးလို့ သတ်မှတ်ထားတဲ့ ဒီမာရီယာနဲ့ ဇာဗီအလွန်ဆိုတို့ကို ရောင်းထုတ်ခဲ့တာတောင် အသင်းရဲ့ရလဒ်က ပြောင်းလဲမသွားဘဲ ရလဒ်ကောင်းတွေ ဆောင်ကြဉ်းပေးနိုင်လို့ပါပဲ"ဟု တန်ခရီဒီက ပြောကြားခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးသည်လည်း အကောင်းဆုံးနည်းပြတစ်ဦးဖြစ်ကြောင်း၊ ရိုးမားအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း ဟင်နရီကေးသည် လူတိုင်းနီးပါး၏ ချီးကျူးစကားဆိုခြင်းကို ခံခဲ့ရသူဖြစ်ကြောင်း၊ လာလီဂါတွင် ဘာစီလိုနာအကောင်းဆုံးလွှမ်းမိုးနိုင်ရေးအတွက် မရှိမဖြစ်သော နည်းပြဖြစ်ကြောင်း တန်ခရီဒီက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဲသောင်ပြင်ဘောလုံးပြိုင်

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သော ရွက်ပုန်းသီးအားကစားသမားကောင်းများ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) တို့က ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက်(၁၅)နှစ်အောက် ဖိတ်ခေါ်သဲသောင်ပြင် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ကမ်းနားလမ်းရှိ သဲသောင်ပြင်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အားကစားအသင်း ၂၁ သင်းတို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ တစ်နေ့ လေးပွဲနှုန်းဖြင့် မွန်းလွဲ ၂ နာရီမှစတင်ကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

## လျှောက်လွှာခေါ်ယူခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာ ပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းတွင်(၄၀/၃၀)ပေအကျယ် ကွန်ကရစ်လမ်း၊ အဆင့်မြင့် RCC တန်ဖိုးသင့်/မျှ (၄)ခန်းတွဲ (၅)ထပ် လူနေအထပ်မြင့် (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) ခန်းဖွဲ့(၂)ခန်း၊ ဧည့်ခန်း(၁)ခန်းပါဝင်သည့် တိုက်ခန်းများဆောက်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသောဝန်ထမ်း၊ အငြိမ်းစားများ(အမှန်တကယ် နေထိုင်မည့်သူများ)အား အရစ်ကျငွေချေစနစ်၊ အခန်းပိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် တိုက်ခန်းဝယ်ယူခွင့် လျှောက်လွှာတစ်စောင်လျှင်(၂၀၀၀ိ/-) (နှစ်ထောင်ကျပ်)နှုန်းဖြင့် လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - | ၁-၁-၂၀၁၅ မှ ၃၁-၁-၂၀၁၅ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| လျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - | ၃၁-၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| လျှောက်လွှာရောင်းချမည့်နေရာ | - | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။ |

# အစိုးရသစ်ကာလအတွင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
| --- | --- | --- |
| ၁။ | စီမံကိန်းများရေးဆွဲခြင်း၊ အကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာများ ပြုစုခြင်း | ❖ (Top-Down)စနစ်ဖြင့် စီမံကိန်းရေးဆွဲခြင်းမှ (Bottom-Up) စနစ်ဖြင့် စီမံကိန်းရေးဆွဲခြင်းသို့ ပြောင်းလဲကျင့်သုံးခဲ့ပြီး ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများချိတ်ဆက်မှု စနစ်ကျစေရန် ဆောင်ရွက်လျက်ရှိပါသည်။<br>❖ ပြည်သူများလျင်မြန်စွာရရှိခံစားစေသည့် ဦးစားပေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကိစ္စရပ်များကို ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများတွင် အလေးပေးရေးဆွဲရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။<br>❖ စီမံကိန်းအကောင်အထည်ဖော်မှု ကိန်းဂဏန်းအချက်အလက်များ၊ ဂျီဒီပီကိန်းဂဏန်းများကိုပြုစုရာတွင် IMF, ADB စသည့်အဖွဲ့များ၏တွက်ချက်မှုနှင့် ကွာဟချက်ကျဉ်းမြောင်းစေရန် ညှိနှိုင်းတွက်ချက် ဆောင်ရွက်လျက်ရှိပါသည်။<br>❖ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် FESR (Framework for Economic and Social Reform)ကို မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း (Myanmar Development Resources Institution)နှင့် ပူးပေါင်း၍ရေးဆွဲခဲ့ပါသည်။<br>❖ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan- NCDP) (၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)ကို ရေးဆွဲလျက်ရှိပါသည်။<br>❖ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်သူဗဟိုပြု အမျိုးသားဖွံ့ဖြိုးတိုးတက်မှု (၅)နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပါသည်။<br>❖ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ တင်ပြချက်အစီရင်ခံစာ စာအုပ်ကို ပြည်ထောင်စုဝန်ကြီးဌာနများသို့ ဖြန့်ဝေခဲ့သည့်အပြင် အများပြည်သူဝယ်ယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန စာနယ်ဇင်းအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချခဲ့ပါသည်။ |
| ၂။ | ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ထိရောက်သော နိုင်ငံခြားအကူအညီအထောက်အပံ့များ ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း | ❖ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအကြား အကောင်အထည်ဖော်မည့် ဒေသနှင့်ကဏ္ဍတို့ကို ရွေးချယ်ပေးခြင်း၊ စီမံကိန်းနှင့် အစီအစဉ်များပုံဖော်ခြင်း၊ ပြင်ဆင်မှုများ ပြုလုပ်ပေးခြင်း(လူမှု/ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ချက်နှင့် စီမံကိန်းအကဲဖြတ်ခြင်း)၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဥပဒေပိုင်းဆိုင်ရာသဘောတူညီချက်များဖြည့်ဆည်းပေးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။<br>❖ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး (4th GMS Summit) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ လက်ခံကျင်းပနိုင်ခဲ့ပြီး ရလဒ်အနေဖြင့် ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂) (Strategic Framework 2012-2022)အား အတည်ပြုနိုင်ခဲ့ပါသည်။<br>❖ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (First Myanmar Development Cooperation Forum- 1st MDCF)ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်ခဲ့ပါသည်။<br>❖ (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(World Economic Forum)အား ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိကျင်းပဆောင်ရွက်ခဲ့ပါသည်။<br>❖ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Second Myanmar Development Cooperation Forum- 2nd MDCF)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ "Acceleration Actions for Progress through Enhancing Inclusive Coordination"ဟူသော Themeဖြင့် ကျင်းပခဲ့ပြီး ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် (Joint Statement) ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။<br>❖ ဥရောပသမဂ္ဂ(အီးယူ)၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားအား ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။<br>❖ Republic of Korea, Japan, India, Switzerland, Russia, China စသည့်နိုင်ငံများနှင့် နှစ်နိုင်ငံပူးတွဲကော်မတီများ ဖွဲ့စည်း၍ ပူးပေါင်းမှုမြှင့်တင်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။<br>❖ UNDP, UNICEF, UNFPA, UNODC, FAO တို့နှင့် နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် (Country Programme) များပူးပေါင်းရေးဆွဲ၍လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။<br>❖ Aid Information Management System (AIMS) အား အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၃။ | အာဆီယံရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း | ❖ (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံအသိုက်အဝန်း ကောင်စီအစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။<br>❖ စတုတ္ထအကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် ကော်မတီအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။<br>❖ စတုတ္ထအကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။<br>❖ ၂၀၁၄ ခုနှစ် မေလတွင် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ |
| ၄။ | အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ မြေပြင်ကွင်းဆင်းစိစစ်ခြင်း | ❖ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၄ ခုနှစ်၊ မတ်လအထိ ခရိုင်(၁၈)ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်း(၁၅၈၃)ခု၏ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြေပြင်ကွင်းဆင်းစိစစ်ခဲ့ပါသည်။<br>❖ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစိစစ်ရေးအဖွဲ့(၄)ဖွဲ့ ဖွဲ့စည်း၍ ဝန်ကြီးဌာနများမှ ခရိုင် (၃၇)ခရိုင်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများ(၁၇၆၅)ခု၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား စိစစ်သုံးသပ်ရန်လျာထားပြီး ဇူလိုင်လမှစတင်၍ တစ်လလျှင် (၄)ခရိုင်သို့ မြေပြင်ကွင်းဆင်းစိစစ်သုံးသပ်လျက်ရှိပါသည်။<br>❖ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ခရိုင်(၁၇)ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းနှင့်လုပ်ငန်း(၂၃၈၄)ခု၏ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြေပြင်ကွင်းဆင်းစိစစ်ပြီး ဖြစ်ပါသည်။ စိစစ်တွေ့ရှိချက်များကို လစဉ်ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြလျက်ရှိပါသည်။ |
| ၅။ | စာရင်းအင်းအချက်အလက်များ စုစည်းရာတွင် မှန်ကန်မှုရှိစေရေး ဆောင်ရွက်ခြင်း | ❖ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ရုံးချုပ်အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ဖွင့်လှစ်ပြီး လူမှုစီးပွားစာရင်းများစုစည်းပြုစုခြင်း၊ ဈေးနှုန်းစာရင်းများ ကောက်ယူခြင်း၊ မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာစာရင်းများစုစည်းပြုစုခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။<br>❖ ကုန်သွယ်မှုဆိုင်ရာ စာရင်းများအား စာရင်းအင်းကွဲလွဲမှုမရှိစေရေးအတွက် ဆက်စပ်ဌာနများပါဝင်သည့် ကုန်သွယ်မှုဆိုင်ရာစာရင်းများမှန်ကန်ရေး ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပါသည်။<br>❖ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ညွှန်ကိန်း ၇၃ ခုကို ဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ သုံးလပတ်အလိုက် စိစစ်သုံးသပ်တင်ပြလျက်ရှိပါသည်။<br>❖ ကမ္ဘာဘဏ်အထောက်အပံ့ဖြင့် စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy For Development of Statistics-NSDS) ဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်အစီအစဉ်များအား ၂၀၁၅ ခုနှစ်တွင် အပြီးဆောင်ရွက်နိုင်ရေးကြိုးပမ်းလျက်ရှိပါသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဆောင်ရွက်လျက်ရှိသော General Data Dissemination System (GDDS) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၆။ | ဥပဒေများထုတ်ပြန်ခြင်းနှင့် ပြင်ဆင်ဆောင်ရွက်ခြင်း | ❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အတည်ပြု မပြဋ္ဌာန်းမီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင်ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၁)ဖြင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၄၀/၂၀၁၁)ဖြင့် မြေပိုင်းဆိုင်ရာ အမိန့်ကြော်ငြာစာတို့ကို ထုတ်ပြန်ခဲ့ပါသည်။ |

စာမျက်နှာ ၁၆ သို့

## ပြည်တွင်းရေးရာ

စာမျက်နှာ ၁၅ မှ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | | ❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁/၂၀၁၂ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။<br>❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၁/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။<br>❖ မြန်မာ့ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်လျက်ရှိပါသည်။<br>❖ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေသစ်(မူကြမ်း)အား ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။<br>❖ ခေတ်နှင့်ကိုက်ညီမှုမရှိသည့် မြန်မာနိုင်ငံ၏ ၁၉၅၂ ခုနှစ်၌ ထုတ်ပြန်ခဲ့သော ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေအမှတ် (၃၄)အား ပြည်ပကျွမ်းကျင် သူအကူအညီဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်ပြုပြင်ရေး ဆွဲဆောင်ရွက်လျက်ရှိပါသည်။<br>❖ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေစသည့် ဥပဒေ(၂)ခုကို ဥပဒေတစ်ရပ်တည်းအဖြစ် ပေါင်းစည်းရန်ဆောင်ရွက်လျက်ရှိပါသည်။<br>❖ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၄)၊၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေ၊ အစုစပ်လုပ်ငန်းအက်ဥပဒေ (၁၉၃၂)၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအက်ဥပဒေ (၁၉၈၉) တို့အား ပြင်ဆင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၇။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ | ❖၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၀၆၉၉ ဒသမ ၀၄၈ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၅၀၆၀၈ ဒသမ ၂၁၉ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာ အမေရိကန်ဒေါ်လာ ၉၉၀၉ ဒသမ ၇၁၇ သန်း တိုးတက်ခဲ့ပါသည်။<br>❖ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရခြင်းအကြောင်းအရင်းမှာ အစိုးရသစ်လက်ထက်၌ ၂၀၁၂ နိုဝင်ဘာလ ၂ ရက်နေ့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် ပြဋ္ဌာန်းခြင်း၊ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကာလကို(၃)နှစ်သို့ တိုးမြှင့်ပေးခြင်း၊ ပုဂ္ဂလိကပိုင်မြေတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့ခြင်း၊ မြေငှားရမ်းခွင့် ကာလကို နှစ် ၃၀ မှ ၅၀ သို့ တိုးမြှင့်ပေးခဲ့ခြင်း၊ စီးပွားရေးအခွင့်အလမ်းများပွင့်လင်းမြင်သာမှုများရှိခဲ့ခြင်းအပြင် စက်မှုလုပ်ငန်းများ၌ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများကို သာမက နာရီနှင့် နာရီဒိုင်ခွက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဖက်ဝင်အလှကုန်၊ အချိုရည်စားသောက်ကုန်လုပ်ငန်းများ၊ ပလတ်စတစ်အဖုံးနှင့် ပုလင်း၊ ရင်ထိုးတံဆိပ်၊ လက်ကိုင်အိတ်၊ ဆံပင်အတုစသည့် လုပ်ငန်းများကိုပါ ခွင့်ပြုခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ |
| ၈။ | ဖြေလျှော့ခြင်း | ❖ နိုင်ငံတော်၏စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် အစိုးရသစ်တာဝန်ယူသည့်အချိန်တွင် ကုမ္ပဏီပိုင်ဆိုင်ရာဖြေလျှော့မှုများကို နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲများ၏ ဖွဲ့စည်းမှတ်ပုံတင်ကြေးကို ကျပ် ၁၀၀၀၀၀၀နှင့် သက်တမ်းတိုးမြှင့်ကြေးကို ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် ၂၁-၃-၂၀၁၃ နေ့မှ စတင်၍ ပြောင်းလဲပေးသွင်း ခွင့်ပြုပါသည်။<br>❖ နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲများလုပ်ငန်းအလိုက်မြန်မာနိုင်ငံသို့ ယူဆောင်လာရမည့် နိုင်ငံခြားငွေများကို Accounts Transfer ဖြင့် ပေးသွင်းရာတွင် MICB နှင့် MFTB တို့တွင် သာမက Authorized Dealer (AD) လိုင်စင်ရရှိထားသော ပုဂ္ဂလိက ဘဏ်များတွင်လည်း ပေးသွင်းခွင့်ပြုပါသည်။<br>❖ ကုမ္ပဏီများ၏ သက်တမ်းကို လက်ရှိသတ်မှတ်ထားသည့် ၃ နှစ်မှ ၅ နှစ်သို့ တိုးမြှင့်သတ်မှတ်ပါသည်။<br>❖ မတည်ငွေရင်း ပမာဏနှင့် ကနဦး မတည်ထည့်ဝင်ငွေပမာဏကန့်သတ်ထားရှိခြင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ပယ်ဖျက်ပေးခဲ့ပါသည်။၂၅-၁၁-၂၀၁၃ရက်မှ စတင်ပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ယာယီမထုတ်ပေးတော့ဘဲ ၅ နှစ် သက်တမ်းရှိသော ကုမ္ပဏီမှတ်ပုံတင် လက်မှတ်(မူရင်း)ကိုသုံး ရက်အတွင်းအပြီး စိစစ်ထုတ်ပေးလျက်ရှိပါသည်။<br>❖ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် ထိန်းသိမ်းထားသည့် လုံခြုံမှု သတ်မှတ်ချက်ရှိသော စာတွဲများအနက် ၁၉၆၃ ခုနှစ်အထိ စာတွဲများအား အများပြည်သူသို့ ဖတ်ရှုခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်ခဲ့ပြီး ဖြေလျှော့ပေးနိုင်ခဲ့ပါသည်။ |
| ၉။ | နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များနှင့် နည်းပညာအကူအညီပေးရေး စာချုပ်ချုပ်ဆိုခဲ့သည့် ကိစ္စရပ်များ | ❖ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွဲဆောင်ရေး သဘောတူစာချုပ်ကို ၂၀၁၃ ခုနှစ် မေလ ၂၁ ရက်တွင်လည်းကောင်း၊ မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်မှု ဖြေလျှော့ရေး၊ တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးစာချုပ်ကို ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ-အစ္စရေးနှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံ မှုတိုးမြှင့်ရေးနှင့်အကာအကွယ်ပေးရေး ဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် လည်းကောင်း ချုပ်ဆိုခဲ့ပါသည်။<br>❖ ပြည်ပနိုင်ငံများနှင့်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုစီမံချက်များဆောင်ရွက်နိုင်ရန် (၁-၄-၂၀၁၁)မှ ၃၁-၁၂-၂၀၁၄ ရက်နေ့အထိ ပြည်ပနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်သဘောတူစာချုပ် (၂၁)ခု၊ မူဘောင်သဘောတူစာချုပ်(၂)ခု၊ မူဘောင်အစီအစဉ် (၂)ခု၊ စာချွန်လွှာ(၃၃)ခု၊ နားလည်မှု စာချွန်လွှာ(၁၅)ခု၊ စာလွှာ(၁၂)ခု၊ ပူးတွဲကြေညာချက်(၂)ခု၊ ပူးတွဲမှတ်တမ်း (၁)ခုနှင့် သဘောတူညီချက်(၁) ခု စုစုပေါင်း (၈၉)ခုတို့ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၌ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရရှိမှု အခြေအနေ | ❖ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၄၇)ခုတွင် အလုပ်အကိုင်အခွင့်အလမ်းစုစုပေါင်း ၁၆၄၅၃ နေရာကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ ကော်မရှင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁၅၉)ခုတွင် အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၈၂၁၉၆ နေရာကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကော်မရှင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံလုပ်ငန်း(၁၉၁)ခုတွင် အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၉၆၄၂၆ နေရာကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ) အထိကော်မရှင်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၂၁) ခုတွင် အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၅၅၉၄၂ နေရာ ဖန်တီးပေးနိုင်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၂၅၁၀၀၈နေရာ ဖန်တီးပေးနိုင်ခဲ့ပါသည်။ |
| ၁၁။ | ရုံးပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် မြို့နယ်ရုံးသစ်များ ဖွင့်လှစ်ခြင်း | ❖ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးကို ရုံးအမှတ် (၃၂)၊ နေပြည်တော်မှ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၃ ထပ် အဆောက်အအုံသို့ ပြောင်းရွှေ့ဆောင်ရွက်ခဲ့ပါသည်။<br>❖ ပြည်နယ်/တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရုံးခွဲများကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>❖ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ စီမံကိန်းရုံး(၆)ရုံး၊ ခရိုင်စီမံကိန်း ရုံး(၈)ရုံး၊ မြို့နယ်စီမံကိန်းရုံး(၆) ရုံးအသစ်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ခရိုင်စီမံကိန်းရုံး(၁)ရုံး၊ မြို့နယ်စီမံကိန်းရုံး(၁)ရုံးနှင့် မြို့နယ်ခွဲ စီမံကိန်းရုံးများ ရုပ်သိမ်းခဲ့ပါသည်။ |
| ၁၂။ | ဝန်ထမ်းအရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ခြင်း | ❖ အစိုးရသစ်လက်ထက်တွင် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော သင်တန်း/ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ (၈၃၃၃)ဦး၊ ဤဝန်ကြီးဌာနမှ ကြီးမှူး၍ ကျင်းပသော သင်တန်း/အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများသို့(၄၂၅၀)ဦး၊ ဌာနတွင်းဖွင့်လှစ်သော သင်တန်းများသို့ (၁၈ ၅၆)ဦး၊ အခြားဝန်ကြီးဌာနများမှ ဖွင့်လှစ်သော သင်တန်း/အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ (၁၅၄၃) ဦး၊ ပြည်ပသို့ ပညာတော်သင်၊ သင်တန်း၊ အစည်းအဝေး၊ ဆွေးနွေးပွဲများသို့(၁၁၉၈)ဦး စေလွှတ်နိုင်ခဲ့ပါသည်။ |

# နေပြည်တော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေးဦးဆောင်သော အဖွဲ့သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး၊ ပြည်သူများ အဆင်ပြေစေရေး၊ လုပ်ငန်းလျင်မြန်စေရေးတို့အတွက် ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တပ်ကုန်းမြို့နယ်၌ မော်တော်ယာဉ်များနှင့်ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးခဲ့ပြီး မြို့နယ်အောင်ဆန်းခန်းမတွင် ယာဉ်စည်းကမ်းပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

အေးသန်း(လူထုဆက်)

# ဘားအံမြို့နယ်၌ စက်ရေတွင်းတူးဖော်ဆောင်ရွက်

**ဘားအံ ဒီဇင်ဘာ ၂၆**

၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅ ဒသမ ၂၅ သန်းဖြင့် ဘားအံမြို့နယ် အမှတ်(၉)ရပ်ကွက် သရက်တောပအိုဝ်းစုတွင် (4''Ø) စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုအား ဘားအံမြို့နယ် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ဒီဇင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ အမှတ် (၉)ရပ်ကွက် သရက်တောပအိုဝ်းစုတွင် အိမ်ခြေ ၂၉၅၊ လူဦးရေ ၁၅၀၀ခန့် နေထိုင်လျက်ရှိပြီး စက်ရေတွင်း တူးဖော်ပြီးပါက ရေလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်ကျေးလက်ဦးစီးဌာန**

# ဖျာပုံမြို့နယ်အတွင်း အာဆီယံသပြေပန်းများ အောင်မြင်ဖြစ်ထွန်း



**ဖျာပုံ၊ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်အတွင်းရှိ ကျုံတာ၊ ကျုံဖဲ၊ မှော်ဝန်းစုနှင့် မယ်ညိုကျေးရွာများမှ တောင်သူများသည် ယခုနှစ်ပိုင်းများတွင် မိရိုးဖလာလုပ်ငန်းဖြစ်သည့် စပါးစိုက်ပျိုးသည့်လုပ်ငန်းအပြင် ပြောင်းလဲလာသည့် ခေတ်စနစ်၏ စီးမျောမှုနှင့်အတူ အာဆီယံသပြေပန်းများပါ တစ်ပိုင်တစ်နိုင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ မိသားစုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

"ဒီအာဆီယံသပြေက စီးပွားရေးအရပဲဖြစ်ဖြစ်၊ ဘာသာရေးအရပဲဖြစ်ဖြစ်၊ အတိတ်နိမိတ်အရပဲဖြစ်ဖြစ်၊ ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့် တော်တော်စိုက်ပျိုးသင့်တဲ့ အပင်ဗျ။ အခုကျွန်တော့်ခြံထဲမှာ အပင် ၂၀၀၀ ကျော် စိုက်ထားတယ်။ စိုက်ပြီး နှစ်လခွဲကတည်းက ခူးရောင်းလိုက်ရတာ တစ်နှစ်ပတ်လုံးပဲ။ အမိကက စိုက်ထားဖြစ်ဖို့ပဲ လိုတယ်။ အပင်ဖြစ်တာနဲ့ အညွန့်ပါလာပြီ၊ အညွန့်ဖြစ်တာနဲ့ ပိုက်ဆံရပြီသာမှတ်။ ဒီသပြေပင် ဘက်က ပိုက်ဆံရတော့လည်း တစ်ဖက်ကလယ်စရိတ်အတွက် အထောက်အကူဖြစ်တာပေါ့။ ရက်ခြားငွေဝင်သပြေပင်ပေါ့ဗျာ"ဟု ကျုံတာရွာမှ တောင်သူ ဦးဝင်းသိန်းက ပြောသည်။

"သစ်ပင်စိုက်တဲ့သူဆိုတာ သစ်ပင်ချစ်စိတ်ရှိရတယ်။ သစ်ပင်ချစ်တဲ့စိတ်မရှိဘဲ သစ်ပင်စိုက်ရင် ထင်သလောက်အကျိုးမရှိဘူး။ ဒါကတော့ ကျွန်မရဲ့ ယုံကြည်ချက်နဲ့ စေတနာကို ပြောတာပါ။ တန်းစဉ် လေးပေ၊ တန်းခြား ခြောက်ပေစိုက်ရင် ရေလောင်းပေါင်းသင်ရတာလွယ်တယ်။ အညွန့်ဖြတ် အစာကျွေးရတာလဲ လွယ်တယ်။ အာဆီယံသပြေကို အဓိကစိုက်ပါတယ်။ ခြံထဲမှာ သပြေအပြင် ရောင်းတန်းဝင်တဲ့ နှင်ဆီ၊ နှင်းပန်း၊ ကံ့ကော်၊ စပယ်၊ စကားဖြူနဲ့ အခြားသီးပင် စားပင်တွေလဲ တွဲဖက်စိုက်ပျိုးပါတယ်။ အညွန့်နဲ့ အပွင့်ခူးရောင်းရုံတင်မကဘဲ အခုလက်ရှိ အာဆီယံသပြေက ၂၀၀ ပင် နှင်းဆီ (ဖြူ၊ နီ၊ ဝါ)က အပင် ၁၀၀၀ နဲ့ စပယ်က ၁၀၀ ပင်ကို အပင်လိုက် လာရောက်ဝယ်ယူလို့ ဖျာပုံခရိုင်၊ ဆည်မြောင်းရုံးဝင်းထဲမှာ ကိုယ်တိုင်သွားရောက် စိုက်ပျိုးပေးနေရပါတယ်"ဟု ယင်းရွာမှ ဒေါ်ဌေးဌေးက ထပ်မံရှင်းပြသည်။

ယခုအခါ အာဆီယံသပြေ စိုက်ပျိုးရေးလုပ်ငန်းများအား မြန်မာနိုင်ငံ၏ ဒေသအများအပြားတွင် တွေ့မြင်နိုင်မည်ဖြစ်ပြီး ယင်းသပြေပင်များ စိုက်ပျိုးထားရှိခြင်းဖြင့် မိသားစုဝင်ငွေတိုးစေခြင်း၊ ဘုရားကျောင်းကန်နှင့် နတ်နန်းများတွင် တင်လှူနိုင်ခြင်း၊ အခမ်းအနားအမျိုးမျိုးတွင် အလှဆင်နိုင်ခြင်း၊ အတိတ်ကောင်း နိမိတ်ကောင်းများ ရရှိစေခြင်း၊ လောကီယတြာယာ ကဏ္ဍများတွင်ထည့်သွင်းအသုံးပြု၍ အောင်မြင်မှုများ ရရှိနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## ပုလဲသွယ်စပ်မျိုးစပါးမျိုး ကျောက်ထုဒေသရှိ တောင်သူများထံ ဖြန့်ဖြူး

**ကျောက်ထု၊ ဒီဇင်ဘာ ၂၆**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းရှိ လယ်မြေများတွင် အထူးအထွက်တိုး၊ အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်း၊ မျိုးသန့်စပါးမျိုးများကို တောင်သူများထံ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ဖြန့်ဖြူးပေးရာတွင် ဒီဇင်ဘာ ၂၂ ရက်မှစတင်၍ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါးမျိုးများကို တစ်တင်းလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါးမျိုးများမှာ စံပြကွက်စမ်းသပ်စိုက်ပျိုးမှုအရ ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးဖြစ်ပြီး ဂန့်ဂေါခရိုင်အတွင်း စံကွက်ရိတ်သိမ်းမှုမှတ်တမ်းအရ တစ်ဧကအထွက်နှုန်း တင်း ၂၀၀ ကျော်ထွက်ရှိခဲ့သည်။

ယင်းသို့တင်း၂၀၀ထွက်ရှိသဖြင့် တောင်သူများအနေဖြင့် တွက်ခြေကိုက်မည့် စပါးမျိုးဖြစ်ကြောင်း သိရသည်။

**၄၆၅**

## စားသုံးရန်မသင့်သော အစားအစာနှင့် မသုံးစွဲသင့်သောအလှကုန်ပစ္စည်းများ ရောင်းချမှုစစ်ဆေး

**ကျောက်ပန်းတောင်း၊ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ အိမ်ဆိုင်နှင့်စတိုးဆိုင်များတွင် စားသုံးရန်မသင့်သော အစားအသောက်နှင့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးမှုကို ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ၊ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မြို့မ စည်ပင်သာယာဈေးကြီးအတွင်းနှင့် ပျံကျဈေးတန်းဆိုင်ခန်းများ၊ မြို့မရပ်ကွက်အတွင်းရှိ အိမ်ဆိုင်နှင့် စတိုးဆိုင်များသို့ သွားရောက်စစ်ဆေးကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်စည်ပင်သာယာဈေးအဖွဲ့မှ ဈေးတာဝန်ခံ ဦးမင်းညွန့်အောင်(ဒု-ဦးစီး/ဈေး)နှင့် ဝန်ထမ်းများ၊ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျံကျဈေးအတွင်းရှိ မှုစ်၊ မှုစ်ချဉ်၊ အရောင်တင်မှုန့်၊ငရုတ်သီးမှုန့်၊သရက်သီး၊ သံပရာသီး ကုလားတည် အစရှိသည့်အရောင်းဆိုင်များတွင် ကျန်းမာရေးနှင့်မညီညွတ်သော အရောင်ဆိုးဆေးများ ပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြပြီး၊ ၎င်းတို့ကိုရောင်းချခြင်းမပြု ကြရန်လည်းဆွေးနွေးဟောပြောခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## တရုတ်ကုန်စည်ပြပွဲသို့ စီးပွား/ကူးသန်းနှင့် UMFCCI အားဖိတ်ကြား

**ရန်ကုန်၊ ဒီဇင်ဘာ ၂၆**

(၁၉) ကြိမ်မြောက် တရုတ်နှစ်သစ်ကူးဈေးရောင်းပွဲတော်နှင့် နိုင်ငံတကာစားသောက်ကုန်နှင့် ပြည်တွင်း ဖက်ရှင်ကုန်စည်ပြပွဲကြီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်းပြည်နယ် မြို့တော်ချန်ဒူး၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ကို ဖိတ်ကြားထားကြောင်းသိရသည်။

ပြပွဲကျင်းပမည့်နေရာသည် စတုရန်းပေ တစ်မီလီယံ ကျယ်ဝန်းပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် ပါဝင်ပြသနိုင်မည့် အခွင့်အရေးဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်မှ စီးပွားရေးလုပ်ငန်းရှင်များမှလည်း ကုန်ပစ္စည်းအမျိုးမျိုးကို လာရောက်ပြသကြမည် ဖြစ်သည့်အတွက် ဈေးကွက်အသစ် (New Market) ရှာဖွေနေသော မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအတွက် များစွာအထောက်အကူပြုသော ပွဲတော်လည်း ဖြစ်သည်။

ယခင်နှစ် (၁၈) ကြိမ်မြောက်ပွဲသို့လည်း နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင် ၄၀၀၀ ကျော် လာရောက်ပြသခဲ့ပြီး နိုင်ငံတကာ စီးပွားရေးနယ်ပယ်အသီးသီးမှ လာရောက်လေ့လာလည်ပတ်သူ ၂ ဒသမ ၈ မီလီယံခန့် ရှိခဲ့သည်။

ယခု (၁၉) ကြိမ်မြောက်ပြပွဲသို့ မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များမှ အလှကုန်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းမျိုးစုံ၊ လက်ဝတ်ရတနာအမျိုးမျိုး၊ စားသောက်ကုန်မျိုးစုံ၊ ကြွေထည်ငွေထည်ပစ္စည်းများ၊ ယမကာနှင့် ဖျော်ရည်မျိုးစုံ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ ကလေးကစားစရာပစ္စည်းမျိုးစုံ၊ အထည်အလိပ်အစရှိသည့် ကုန်ပစ္စည်းများကို ပါဝင်ပြသနိုင်မည်ဖြစ်သည်။

ကုန်ပစ္စည်း အမျိုးအစားသစ်များအား အလားအလာရှိသော ပို့ကုန်အဖြစ် ဈေးကွက်ရှာဖွေလိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြားအမျိုးမျိုးသော စီးပွားရေးနယ်ပယ်သစ်များကို စိတ်ဝင်စားသည့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ပြပွဲသို့ပါဝင်ပြသလိုခြင်းနှင့် သွားရောက်လေ့လာလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပြပွဲဌာန ဖုန်း-၀၁ ၂၁၄၃၄၄ နှင့် ပြပွဲတာဝန်ခံ Exploring Myanmar Co., Ltd၊ ဖုန်း-၀၁ ၂၄၀၂၃၁ သို့ ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

**ကြေးမုံ**

နှစ်စဉ်နှစ်တိုင်း စာသင်သားများ မျှော်လင့်နေသော
အထူးပြောစရာမလိုတဲ့ အထူးထုတ်
educator
၂၀၁၅ အထူးထုတ် ထွက်ပါပြီ
ဖြန့်ချိရေး - စိတ်ကူးချိုချိုစာပေ၊ ၆၇၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း ၅၄၂၉၇၃၊ ၇၀၀၃၀၂၊ ၀၉ ၃၁၂၉၃၉၁။
educator စာစည်းအဖွဲ့မှ စီစဉ်နေသော
အဌမတန်းအတန်းတင်စာမေးပွဲအထူးထုတ်
ဇန်နဝါရီလဆန်းထွက်လာမည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-၄၃၊ မြေကွက်အမှတ်-၁၁၃၄/က၊ မြေကွက်တည်နေရာအမှတ်-၁၁၃၄/က၊ အောင်မေတ္တာလမ်း ဦးဝင်းလှိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဝင်းလှိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်သိန်း[၁၂/လမန(နိုင်)၀၄၇၈၄၉] မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ အရပ်ကတိစာချုပ်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စိန်ငါးလုံး အာရုံကြောဆေး
အကြောများဖုထုံးခြင်း၊ လေငန်းဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ ဒူလာပါဒရက်အကြောဆွဲခြင်း ခြေလက်များ ကောက်ကွေးခြင်း တို့အတွက် စိန်ငါးလုံး အာရုံကြောဆေး ကိုသောက်ပါ။
စိန်ငါးလုံး ဆေးတိုက် - အမှတ်-ဆ-၁၀၁၊ ခေမာသီ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၅၅၃၅၇

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေထီး(၁)၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၀၁)၊ မြေညီထပ်တိုက်ခန်းအား ဒေါ်မြညွန့် ပိုင်ဆိုင်ပြီး ဒေါ်မြညွန့်သည် အပျိုကြီးဖြစ်သည့်အတွက် ၎င်းသေဆုံးသောအခါ မောင်ဖြစ်သူ ဦးအောင်ထွန်းမှ အမွေဆက်ခံအပိုင်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ထွန်းထံမှ ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာတင်ပြ၍ (၁)လအတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေတင်နု**
**အမှတ်(၉၆)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်းနံပါတ်-၀၉-၅၀၃၂၇၆၉၊ ၀၉-၅၅၀၀၃၆၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၇၊ မြေကွက်အမှတ်-၁၉၁၊ မြေဧရိယာ-၁. ၄၆ ဧကမြေကွက်တည်နေရာအမှတ်(၁၉၁)၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ရွှေနံ့သာဘားလားသစ်ခွရွာအတွင်းရှိ မြေကွက်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဘားလားရွှေနံ့သာသစ်ခွခြံ စိုက်ပျိုး ထုတ်လုပ်ရေးအထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသူ ဦးဝင်းအောင်[၁၂/ကမရ(နိုင်)၀၀၈၂၅၁]ထံမှ အရောင်းအဝယ်ကတိစာချုပ်(၉-၅-၂၀၁၄)ဖြင့် ပိုင်ဆိုင်ခဲ့သူ ရှင်းဟော့(ခ)ဦးအောင်မြင့်[၉/မရမ(နိုင်)၀၅၇၇၈၇]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထား လာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆အီး၊ မြေကွက်အမှတ်-V-၂၅၊ မြေကွက်တည်နေရာအမှတ်-၂၄၊ သီတာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ ဦးကျော်စိန်နှင့်ဒေါ်စိန်မေ အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန်(ဖခင်)၊ ဒေါ်စိန်မေ(မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးဝင်းလွင်ဆန်း(လူပျိုဘဝ)တို့ ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော (၁)ဦးဇော်မင်း[၁၂/ကမတ(နိုင်)၀၄၃၀၇၉]၊ (၂)ဒေါ်အေးအေးလွင်[၁၃/မဖန(နိုင်)၀၀၂၃၂၉]၊ (၃)ဦးကျော်သိန်း[၁၂/ကမတ(နိုင်)၀၅၀၆၈၆]၊ (၄)ဦးသိန်းလွင်[၁၂/ကမတ(နိုင်)၀၄၂၀၁၈]၊ (၅)ဦးဝင်းဇော်[၁၂/ကမတ(နိုင်)၀၄၂၄၈၆]၊ (၆)ဒေါ်မြမြဝေ[၁၂/ကမတ(နိုင်)၀၄၂၆၂၅]၊ (၇)ဦးမျိုးဝင်းခိုင်[၁၂/ကမတ(နိုင်)၀၄၂၆၂၆] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်တို့ကို တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိပါက မြေပုံကူးလျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မိဘများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေနိုင်ရန် ကော့မှူးမြို့နယ်တွင် မူကြိုကျောင်း ဖွင့်လှစ်



**ရန်ကုန်၊ ဒီဇင်ဘာ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက်က ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင်ကျင်းရာ ရန်ကုန်တိုင်း ဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ၊ ဥက္ကဋ္ဌဒေါ်ဆွေဆွေလတ် နှင့် အလှူရှင်တစ်ဦးတို့မှ မူကြိုကျောင်း အဆောက်အအုံ အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင် သက်ဌေးက မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများ အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချမှုရှိမှသာ မိဘများ အနေဖြင့် မိမိ၏သားငယ်သမီးငယ်များကို စိတ်ချလက်ချ အပ်နှံပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေနိုင်မည်ဖြစ် ကြောင်း ကလေးငယ်များအနေဖြင့်လည်း ကျောင်းတက်ရာ တွင် ပျော်ရွှင်မှုရှိစေရေးအတွက် ကစားစရာအရုပ်များ နှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိမှသာ ကလေးငယ် များ၏ကာယ၊ စာရိတ္တ၊ အသိပညာ အလိမ္မာတိုးပွားစေပြီး ဘက်စုံထူးချွန်တိုးတက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ် ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက် မှု ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက အဆောက်အအုံ တန်ဖိုး ၂၃၁ သိန်းတန်ဖိုးရှိ မူကြို ကျောင်းဆောင်သစ်နှင့် ၂၇သိန်း ရှစ်သောင်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်း ၁၈မျိုး လှူဒါန်းခဲ့ပြီး မူကြိုကလေးငယ်များအား အအေး၊ မုန့်နှင့် ကစားစရာ အရုပ်များပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် မူကြိုဆရာမများအား အရည်အသွေး မြင့်တင်မှု လုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး အရည်အသွေးမြှင့်တင်မှု သင်တန်းများ ပို့ချလျက်ရှိသည့်အပြင် မူကြိုကလေးငယ်များအား သင် ထောက်ကူပစ္စည်းများ ကစားစရာအရုပ်များ ကျောင်း ဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ် ခြင်း မူလတန်းမသင်မနေရ ပညာရေးစနစ်အရ ကျောင်းနေ အရွယ်ကလေးများ ကျောင်းအပ်နှံပေးခြင်းတို့ကို နှစ်စဉ် ဆောင်ရွက်လျက်ရှိသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-စိမ်းခက်**

# ဝါးခယ်မမြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

**ဝါးခယ်မ၊ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် ပိတ္တာလေးကျေးရွာတွင် စတုတ္ထအကြိမ်မြောက် (၂၇၅၄) ခုနှစ်မြို့နယ် လုံးဆိုင်ရာ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၆ နာရီက အလံတင်အခမ်းအနား ကို ကျင်းပကြပြီးနောက် အခမ်းအနား သဘာပတိ မန်းအေးဆိုင်က အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်လုံးဆိုင်ရာ ကရင်စာပေယဉ်ကျေးမှုနှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးအသင်း နာယကချုပ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဝါးခယ်မမြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဦးပညာစာရက ဩဝါဒ ကထာမြွက်ကြားပြီး ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်းနှင့် ဝါးခယ်မ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့က အမှာစကားအသီးသီး ပြောကြားသွား ကြသည်။

ထို့နောက် ကရင်နှစ်သစ်ကူးကျင်းပ ရေး မြို့နယ်ကော်မတီဥက္ကဋ္ဌ မန်းထွန်းမြင့် နှင့် ဧရာဝတီတိုင်းဒေသကြီး ကရင်ရေးရာ ဝန်ကြီး မန်းသန်းရွှေပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်လွင်က ဖတ်ကြား ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက သဝဏ်လွှာကို အသီးသီးဖတ်ကြားကြကြောင်း သိရ သည်။ **၁၈၂**

# မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ညောင်တုန်း၊ ဒီဇင်ဘာ ၂၆**

မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီ နွေရာသီ၌ ဖြစ်ပွားတတ် သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် အသိပညာနှင့် ဗဟုသုတများ ပြည်သူများသို့ မျှဝေပေးခြင်းလုပ်ငန်းစဉ်များကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ သုခမင်္ဂလာဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြနှင့် ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

သရုပ်ပြပွဲအပြီးတွင် သုခမင်္ဂလာဈေးကြီးအတွင်းရှိ ဆိုင်ခန်းများ ၏ လျှပ်စစ် မီးသုံးစွဲမှု၊ စားသောက်ဆိုင်များမှ မီးကြွင်းမီးကျန်များ မရှိ စေရေး၊ မီးကို စနစ်တကျသုံးစွဲရေးနှင့် မီးလောင်လွယ်စေသော လောင်စာများအား စနစ်တကျ ထားရှိရေးတို့ကို ဝင်ရောက်စစ်ဆေးခဲ့ ကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဖာပွန်မြို့နယ်၌ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပ

**ဖာပွန်၊ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် တွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၆ နာရီတွင် ကရင် နှစ်သစ်ကူးနေ့ အခမ်းအနားကို အထက ကျောင်းရှေ့တွင် ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်ရင်း တပ်ဖွဲ့များ၊ ကေအင်န်ယူ ကိုယ်စားလှယ် များ၊ ကရင်တိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူ ၈၀၀ ကျော် တက်ရောက် ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ နံနက် ၆ နာရီတွင် ကရင်အမျိုးသားလူငယ်များက ကရင်အမျိုးသား အလံကို လွှင့်တင်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦး မှ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းမှ ပေးပို့ သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ယင်း နောက် ကရင်နှစ်သစ်ကူးဖြစ်ပေါ်လာပုံ အကြောင်းကို မြန်မာဘာသာစကော ကရင်၊ ပိုးကရင်ဘာသာများဖြင့် ကရင်တိုင်းရင်းသူများက ရှင်းလင်းဖတ်ကြားခဲ့၍ အခမ်းအနားကို နံနက် ၈ နာရီခွဲ တွင် ရုပ်သိမ်းပြီး ပျော်ပွဲရွှင်ပွဲများဖြစ်ကြ သော လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချမ်းမြေ့ဈေးတွင် လျှပ်စစ်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၆**

ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်အနီးရှိ စည်ပင်ပိုင် ချမ်းမြေ့ဈေး ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်မီးဘေးအန္တရာယ်ကင်းရှင်း ရေးတို့အတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့၊ ဗိုလ်တထောင်မြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး စစ်ဆေးရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူး နှင့်ဈေးတာဝန်ခံရုံးတို့က ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

စစ်ဆေးဆောင်ရွက်မှုများကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးဦးရဲထူးက ကူညီအားပေးခဲ့ပြီး ဦးစွာ မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးတင်စိုးဦးစီးသည့် လျှပ်စစ် စစ်ဆေးရေးအဖွဲ့က ဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်းချင်းစီ ၏ လျှပ်စစ်သုံးစွဲမှုနှင့် ဝါယာကြိုးသွယ်တန်းတပ်ဆင်မှုများ ကို လိုက်လံစစ်ဆေးလျက်ပြုပြင်သင့်သည်များကို အကြံပြု ရှင်းလင်းကာ လျှပ်စစ်အသိပညာပေးလက်ကမ်းစာစောင်များ လိုက်လံဝေငှခဲ့သည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် မီးသတ်တပ်ဖွဲ့၊ ဒုတိယ တပ်ဖွဲ့မှူးဦးမြင့်အောင်နှင့် ဗဟိုမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အခြေအနေများကို စစ်ဆေး၍ မီးငြိမ်း သတ်ခြင်းနှင့်မီးသတ်ဆေးဘူးသုံးစွဲပုံနည်းစနစ်များကိုဈေးသို့ လာရောက်သောပြည်သူများနှင့် ဈေးမိသားစုများအား လက်တွေ့သရုပ်ပြ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

A Fundamental Approach to Global Financial Markets

ကမ္ဘာ့ငွေကြေးရောင်းဝယ်ခြင်းနှင့်ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာအခြေခံသဘောတရားများ

❖ ငွေကြေးဈေးကွက်ဆိုင်ရာအခြေခံသဘောတရားများနားလည်ရန်အတွက် သင် MBA ဘွဲ့ရဖြစ်ရန်မလိုပါ

❖ အချိန် ၁၀ရက်ပေးရုံဖြင့် ငွေကြေးဈေးကွက်အခြေခံသဘောတရားများကို နားလည်တတ်ကျွမ်းစေရမည်

❖ တစ်ကြိမ်တက်၍နားမလည်လျှင် ဒုတိယအကြိမ်အခမဲ့ပြန်လည် တက်ရောက်နိုင်မယ့်တစ်နိုင်ငံလုံးတစ်နေရာထဲရနိုင်သည့်အခွင့်အရေး

နှစ်ပေါင်းများစွာအတွေ့အကြုံရှိ နိုင်ငံတကာအသိအမှတ်ပြု Certified Market Analyst ကိုယ်တိုင်မြန်မာလိုသင်မည်

29 Dec 2014 to 11 Jan 2015

( စနေ၊ တနင်္ဂနွေ ပိတ်သည်။)

5:30 pm to 8:00 pm

ယခုပဲစာရင်းပေးသွင်းလိုက်ပါ

အဖွဲ့လိုက်တက်ရောက် လိုသူများအတွက် အထူးဈေးနှုန်းများရှိပါသည်

#12-01, Olympic Tower, Bo Aung Kyaw St, Kyauktada Tel: 01 256 602/ 09 300 98 165 www.facebook.com/KTA.EBS

(၃၃)ကြိမ်မြောက်တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ၌ ကျေးဇူးတော်ရှင်မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ ကန္တိနည်း ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇဝန (သာသနဇဗ္ဗမ္မာစရိယ) မှ ၁၁-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)မှ ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)အထိ ဟောကြား ပြသပေးမည်ဖြစ်ပါ၍ စခန်းဝင်ရောက်လိုသောယောဂီများ ကြိုတင် စာရင်းများပေး နိုင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ (ယောဂီများ ၁၀ရက်နေ့ညနေ အရောက်လာရပါမည်။)

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ-၀၉-၂၅၉၀၃၅၃၅၃၊ ၀၉-၇၃၁၀၉၈၃၈၊ ၀၉-၅၀၀၇၀၅၈**

၈၀၄ Special-List

စနိုင်း 140 ကျပ် K

Sq-Ft တစ်သိန်းနှင့်အထက် 120

254044529

ဖခင်အမည်မှန်

ပညာရွှေပြည် ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဉ္စမတန်း(A) မှ မောင်မင်းရာဇာမင်း၏ ဖခင်အမည်မှန်မှာ ဦးဘုန်းဝေ ဖြစ်ပါကြောင်း။ **ဦးဘုန်းဝေ**

**[၆/ကသန(နိုင်)၀၇၈၀၅၂]**

Since 1996

(၅တန်း မှ ၁၀တန်း)

ဆရာဝန်များ ဦးစီးသည့်

စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း ဘော်ဒါအောင်ချက် (၉၀.၄၇%)

မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် GCE မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက် လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း။ ကွန်ပျူတာခန်း။ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ သင့်တင့်မျှတသောသင်တန်းကြေး

(၉)တန်းအထူးအစီအစဉ်စာတော်လျှင်(ပ)နှစ်ဝက်(၉)တန်းစာတစ်ခေါက်အပြီး(ဒု)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက်ကြိုသင်ပေးသည်။



၇၇ (၄ဝါလမ်း)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀ ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်

အမြန်ရောင်းမည်

ဗဟန်းမြို့နယ်၊ ဥဿဖရားလမ်း၊ ဆိပ်ငြိမ်ရပ်ကွက်အတွင်းရှိ [၂၄နာရီရေ၊ မီး၊ ကားပါကင်လုံခြုံရေးစနစ်] Lif, 1MBR, 1BR, Kitchen & dinningrom, livingroom တို့ပါဝင်ပြီး ကိုရီးယားပါကေးခင်း ထားကာ ရေချိုးခန်းတိုင်းကြွေပြားကပ် ပေးထားမည့်ကွန်ဒိုအား သိန်း(၁၃၀၀)ကျပ် (အရစ်ကျစနစ်)ဖြင့်အမြန်ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၆၄၄၉၉၊ ၀၉၇၉၅၁၆၄၄၉၉**

# မြို့တော်စည်ပင်မှ ရေရယူသုံး စွဲမှုအခြေအနေ စစ်ဆေး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) သည် မြို့တော်နေ ပြည်သူများ သောက်သုံးရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ ဒုတိယဌာနမှူး ဦးမျိုးသိန်း ဦးဆောင်၍ အရှေ့ပိုင်းခရိုင်မှူး၊ ဒုတိယခရိုင်မှူး၊ တာဝန်ရှိသူများနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းအတွင်း ယခင်ရေပေးဝေဖြန့်ဖြူးလျက်ရှိသည့် ရေပိုက်လိုင်းများအပြင် ထပ်မံဖြည့်တင်းဆက်သွယ်သည့် ရေပိုက်လိုင်းများ တပ်ဆင်ပြီးစီးသည့်အခြေအနေ၊ ရေပေးဝေဖြန့်ဖြူးမှုအခြေအနေနှင့် ပြည်သူများ၏ ရေရယူသုံးစွဲမှုအခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။



ထိုသို့ ရေပေးဝေဖြန့်ဖြူးပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်ချက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ ကြီးကြပ်မှုဖြင့် ငမိုးရိပ်ချောင်းဖြတ် ၁၂ လက်မ HDPE ပိုက်လိုင်း သွယ်တန်းပြီးစီးသွားသောကြောင့် ယခင်က ရေအားနည်းခဲ့သည့် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်ရှိ (၄၉)ရပ်ကွက်၊ (၅၀)ရပ်ကွက်နှင့်(၅၁)ရပ်ကွက်တို့မှာ ယခုသောက်သုံးရေအား တိုးမြှင့်ဖြန့်ဖြူးပေးဝေနိုင်ပြီဖြစ်သည်။

**ဌေးအောင်**

# မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် မြင်းမူမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မြင်းမူ၊ ဒီဇင်ဘာ ၂၆**

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၂ ရက်က မြင်းမူမြို့နယ်၊ အင်းမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၁၂၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်လင်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း နယ်မြေကြီးလေးခုခွဲကာ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ**

# ခင်ဦး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်

**ခင်ဦး၊ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဦးနှင့် ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်ထိ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၈ ရွာရှိ ပြည်သူ ၈၁၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ဧရာဝတီတိုင်းဒေသကြီး ငပုတော၌ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်း ရှင်းလင်း

**ငပုတော၊ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီက ၂၀၁၅ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးလုပ်သားများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြည်က နိုင်ငံတစ်ဝန်းအသက်ကိုးလမှ ၁၅ နှစ်အတွင်း ကလေးငယ်များအား ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးခြင်းကို အစုလိုက်ထိုးနှံပေးမည်ဖြစ်ရာ ဇန်နဝါရီတွင် ကျောင်းနေကလေးသူငယ်များကို စာသင်ကျောင်းစုရပ်များတွင် ကျောင်းအခြေပြု ကာကွယ်ဆေး ထိုးနှံခြင်းကိုလည်းကောင်း၊ ဖေဖော်ဝါရီတွင် ပြည်သူလူထုအခြေပြု ကျောင်းမနေမီ ကလေးသူငယ်များနှင့် ကျောင်းမနေသော လူငယ်များကို ကျန်းမာရေးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်များတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ (ပြန်/ဆက်)**

# ကျိုက်လတ်တွင် နွေစပါးပုလဲသွယ် ၁၀ ဧက စံပြကွက် ဇာပိုက်ခံမျိုးစေ့ချနည်းဖြင့် မျိုးစေ့ချသရုပ်ပြသစိုက်ပျိုး

**ကျိုက်လတ်၊ ဒီဇင်ဘာ ၂၆**

